# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် ၂၀၂၅ ခုနှစ်၊ ဇွန် ၅ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ်(၂၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



## နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်း စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် တရုတ် – မြန်မာ နှစ်နိုင်ငံဆက်ဆံရေး စိန်ရတုမှသည် ...

ဆောင်းပါး စာ ၆

## ပေါင်မြို့နယ်ဒေသထွက် ရာသီစာ မင်းကွတ်သီးများ ဈေးကောင်းရရှိ

ပေါင် ဇွန် ၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဒေသထွက်ရာသီစာမင်းကွတ်သီးများ ယခုနှစ် ပေါ်ဦးပေါ်ဖျားချိန်ကတည်းက ဈေးကောင်းရရှိသဖြင့် ခြံပိုင်ရှင်များ အဆင်ပြေကြကြောင်း အရောင်းဒိုင်များထံမှ သိရသည်။

"ယခုနှစ် မေလအစောပိုင်းကတည်းက စတင်ခူးဆွတ်ရောင်းချနေတဲ့ ပေါင်မြို့နယ်ထွက် အအေးခတ်စာမင်းကွတ်သီးများမှာ ဈေးကွက်အတွင်း ဝယ်ယူစားသုံးသူများပြားနေတာကြောင့် စတင်ခူးဆွတ်ချိန်မှ ယနေ့အထိ ဈေးကောင်းရရှိနေဆဲဖြစ်တယ်"ဟု ပေါင်မြို့နယ်မှ မင်းကွတ်သီး ရောင်းဝယ်ရေးဒိုင်တစ်ဦးက ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻





## ပွင့်ဖြူမြို့နယ်၌ မိုးရာသီတွင် စပါး ၆၉၉၉၉ ဧက လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ ဇွန် ၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၆၉၉၉၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၆၉၉၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဇွန်လ ပထမပတ်တွင် စိုက်ပျိုးရေများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်အတွင်း စပါး ၆၉၉၉၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❏

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ




**နေပြည်တော် ဇွန် ၄**

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ် (၉) လောကနတ်ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းသား/သမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တက်ရောက် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၁ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။(ယာပုံ)

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် လူငယ်လူရွယ်များ အလုပ်အကိုင်တိုးတက်ရရှိရေး ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်၍ သက်မွေးပညာသင်တန်းများပို့ချနေမှု ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၄**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးအတွက် လေအေးပေးစက်တပ်ဆင်/ပြုပြင်ခြင်းနှင့် မော်တော်ယာဉ် စက်ပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)တွင် ဈေးကွက်လိုအပ်ချက်များသော အလုပ်အကိုင်များဖြစ်သည့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ ဂဟေဆက်ခြင်း၊ လေအေးပေးစက်တပ်ဆင်/ပြုပြင်ခြင်း၊ မော်တော်ယာဉ်စက်ပြင်၊ စားသောက်ဆိုင်ဝန်ဆောင်မှုနှင့် ဆောက်လုပ်ရေးအလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး လုပ်ငန်းခွင်ရှိ လုပ်သားများအတွက် Skills Upgrading သင်တန်းများနှင့် မွမ်းမံသင်တန်းများပါ စီစဉ်ဖွင့်လှစ်ပေးနေပါကြောင်း။





မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရန်၊ ပညာရေးအခွင့်အလမ်းများ တိုးတက်ရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာသင်ယူမှုအခွင့်အလမ်းများရရှိပြီး သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိစေနိုင်ရန် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီ(၈)ရပ်တို့ကို ဖွဲ့စည်းကာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီမှ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်း ၂၀၂၄-၂၀၂၈ ဒုတိယ ငါးနှစ်စီမံကိန်းကာလအတွင်း၂၀၂၅ ခုနှစ် မေလအကုန်ထိ (၂၁)ကြိမ်တွင် သင်တန်းသား ၅၃၀ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးမှုများကို စနစ်တကျ အလေးထားမှတ်သားပြီး လုပ်ငန်းခွင်တွင် ထိရောက်စွာ ပြန်လည်အသုံးချရန်နှင့် မိမိတို့လူနေမှုဘဝမြင့်မားစေရေး စဉ်ဆက်မပြတ်လေ့လာသင်ယူရန် တိုက်တွန်းမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ Shin Rai International Vocational Institute သို့ သွားရောက်၍ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* ***ရှေ့ဖုံးမှ***

"ဒီနှစ် စခူးတဲ့အချိန်ကတည်းက ဈေးကောင်းရတယ်။ အခုချိန်ထိလို့ ပြောလို့ရတယ်။ ဈေးကွက်မှာလည်း အရောင်းအဝယ်ရှိတော့ ဒီဘက်ဒေသထွက်မင်းကွတ်သီးတွေ ရသလောက် ပွဲရုံကဝယ်ယူနေတယ်။ အခုက ရာသီဥတုအတော်ပူတယ်။ မင်းကွတ်သီးက အအေးခံတတ်စာဆိုတော့ ဝယ်စားကြ တာလည်းပါတယ်။ ဒီနှစ်က ခြံပိုင်ရှင်တွေအတွက် အဆင်ပြေတဲ့နှစ်လို့ပဲ ပြောရပါမယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ် မင်းကွတ်သီးပေါ်ဦးပေါ်ဖျားချိန် အလုံးကြီးတစ်လုံးကို ငွေကျပ် ၇၀၀ ဝန်းကျင်ခန့်နှင့် ပုံမှန်အလုံးတစ်လုံးကို ငွေကျပ် ၅၀၀ ခန့် ဈေးကွက်အတွင်း ပေါက်ဈေးရှိခဲ့ပြီး လက်ရှိဈေးမှာ ငွေကျပ် ၄၀၀ ဝန်းကျင်ခန့်သာ လျော့ကျခဲ့ကြောင်း ၎င်းက ဆက်ပြောကြားသည်။

ရာသီစာမင်းကွတ်ကို မွန်ပြည်နယ်ရှိ မြို့နယ်အများစုတွင် စိုက်ပျိုးကြပြီး ထွက်ရှိသော မင်းကွတ်သီးများကို ဒေသတွင်းစားသုံးရောင်းချမှုများအပြင် အလုံး ၁၅၀ ပါ ပလတ်စတစ်ကတ်ဖာခြင်းများဖြင့် ထုပ်ပိုးကာ ရန်ကုန်ပွဲရုံနှင့် မန္တလေးတို့သို့ အဓိကတင်ပို့ရောင်းချကြောင်း ပေါင်မြို့နယ် အရောင်းဒိုင်များမှ သိရသည်။

ဒေသထွက် မင်းကွတ်သီးကို တောင်ပေါ်သီးနှင့် ရွာသီးဟု ဒေသအတွင်း ခွဲခြားထားပြီး တောင်ပေါ်သီးမှာ ရွာသီးထက် အလုံးပိုကြီးသော်လည်း အခွံထူကာ အချဉ်ခံတတ်နည်းနည်းဖောက်ပြီး ရွာသီးမှာ အခွံပါးကာ ပိုချို၍ ဈေးနှုန်းအတူတူပင်ဖြစ်ကြောင်း မင်းကွတ်ခြံပိုင်ရှင်များထံမှ သိရသည်။

ထို့ပြင် ယခုလို ပူပြင်းသည့်ကာလတွင် အပူခံတတ်ကိုသက်ရောက်စေသည့် ဒူးရင်းသီးကိုစားသုံးပါက ဆန့်ကျင်ဘက် အအေးခံတတ်စာ မင်းကွတ်သီးနှင့် တွဲဖက်စားသုံးသင့်ကြောင်း ခြံပိုင်ရှင်များက အကြံပြုပြောဆိုခဲ့သည်။

**မွန်မလေး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်လေ့လာ




**နေပြည်တော် ဇွန် ၄**

ဟိုင်နန်ပြည်နယ် ဟိုင်ခုန်မြို့တော် ဟိုင်ခုန် ဘက်စုံပေါင်းစည်းမှု လွတ်လပ်သော ကုန်သွယ်ရေးဇုန် ကော်မတီ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ ရက်မှ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဟိုင်ခုန် ဘက်စုံပေါင်းစည်းမှု လွတ်လပ်သောကုန်သွယ်မှုဇုန် (Haikon Integrated Free Trade Zone) သို့ လေ့လာရေးခရီး သွားရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ကူမင်းမြို့မှတစ်ဆင့် ဟိုင်နန်ပြည်နယ် ဟိုင်ခုန်မြို့သို့ ရောက်ရှိ၍ ဇွန် ၂ ရက် နံနက်ပိုင်းတွင် လွတ်လပ်သောကုန်သွယ်မှုဇုန် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်သို့ သွားရောက်လေ့လာရာ ဟိုင်ခုန် ဘက်စုံပေါင်းစည်းမှုဇုန် စီမံခန့်ခွဲမှုကော်မတီ၏ အလုပ်အမှုဆောင် အတွင်းရေးမှူးနှင့် ဒုတိယမြို့တော်ဝန်ဖြစ်သူ Mr. Lu Min နှင့် အဖွဲ့ဝင်များက ရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့က ဟိုင်ခုန် ဘက်စုံပေါင်းစည်းမှုဇုန်အတွင်းရှိ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး စက်မှုဥယျာဉ်၊ ခေတ်မီစိုက်ပျိုးရေးနှင့် စားသောက်ကုန်များ ထုတ်လုပ်သည့်စက်ရုံ၊ လက်ဝတ်ရတနာ ထုတ်လုပ်သည့်စက်ရုံ၊ စံချိန်စံညွှန်းမီ စိန်နှင့်ကျောက်မျက်ရတနာ ထုတ်လုပ်သည့် စက်ရုံများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုစင်တာတို့ကို လေ့လာကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်ကော်မတီနှင့်တွေ့ဆုံကာ ကျောက်မျက်ရတနာလုပ်ငန်းများ အဆင့်မြှင့်/ဆင့်တက်ပြုပြင်မှုနှင့် နည်းပညာတိုးမြှင့်စေရန်အတွက် လည်းကောင်း၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်အတွက်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် အခွန်လွတ်အရောင်းပြခန်းများ (China Duty Free Shop)၊ ဟိုင်ခုန်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာနှင့် ဟိုင်နန်ပြတိုက်များကို လေ့လာခဲ့သည်။

ဇွန် ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟိုင်နန်ပြည်နယ်ပါတီ၏ အမြဲတမ်းကော်မတီဝင်နှင့် ဟိုင်နန်မြို့ဒေသကော်မတီ အတွင်းရေးမှူးဖြစ်သူ Mr. FAN Shaojun နှင့် Grand Hotel Haikou ၌ တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဆက်ဆံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုတိုးတက်ကောင်းမွန်လာမှုအခြေအနေများ၊ ဟိုင်နန်လွတ်လပ်သောကုန်သွယ်မှု ဆိပ်ကမ်း (Hainan Free Trade Port) ဆိုင်ရာကိစ္စရပ်များ၊ ကျောက်မျက်ရတနာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Grand Hotel Haikou ၌ကျင်းပသည့် ဟိုင်ခုန်–မြန်မာစီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဖလှယ်ရေးအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့ရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ၏ အခြေအနေများ၊ ဟိုင်နန်နှင့် ပူးပေါင်းဆောင်ရွက်မည့် အခွင့်အလမ်းများ၊ မြန်မာနိုင်ငံရှိ ကျောက်စိမ်းနှင့် ကျောက်မျက်ကဏ္ဍ အခွင့်အလမ်းများနှင့် ဟိုင်နန်လွတ်လပ်သော ကုန်သွယ်မှုဆိပ်ကမ်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို အလေးပေးဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟိုင်ခုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။

ယခုခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သံအမတ်ကြီး ဦးအောင်မင်းဦး အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဇွန် ၄**

အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်မင်းဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ်၊ ဇွန် ၃ ရက်တွင် အီသီယိုပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဒစ်အာဘာဘာမြို့ရှိ သမ္မတအိမ်တော်၌ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုင်ယီ အက်စ်ကီ စီလက်ဆီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## အင်္ဂပူမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**အင်္ဂပူ ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ကျွဲဇင်းကျေးရွာအုပ်စု တိုင်တစ်ရာကျေးရွာရှိ ၁၈မိုင်တောရဘုန်းကြီးကျောင်းဝင်းအတွင်း ပြုလုပ်သည်။**(အောက်ပုံ)**

ဦးစွာ ပျိုးပင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသော်မွန်းကိုနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၁၅ ဦးခန့်မှ စုပေါင်း၍ ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ရေတမာပင် ၁၀၀၊ မန်ကျည်းပင် ၂၅၀၊ ကံ့ကော်ပင် ၁၅၀၊ မျောက်ငိုပင် ၁၀၀၊ ခရေပင် ၁၅၀၊ ယူကလစ်ပင် ၁၀၀ စုစုပေါင်း ၁၂၅၀ ကို စနစ်တကျစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



❑ *ရှေ့ဖုံးမှ*

သတ်မှတ်လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းများ ရရှိဖို့နဲ့ အချိန်မီစိုက်ပျိုးနိုင်အောင် တောင်သူတွေကို ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာတွင် အခက်အခဲမဖြစ်စေဖို့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာနဲ့ မျိုးတွေရရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောကြားသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပါ။**

# စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ အတွက် တိုးတက်ထွက်ရှိလာသောရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၄**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Myanmar Kinsanar Co.,Ltd. တို့အကြား ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ တွင် ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် Myanmar Kinsanar Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က နိုင်ငံတော်၏ အဖိုးတန် စွမ်းအင်သယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့သည် စွမ်းအင်ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊



သို့ဖြစ်ပါ၍ "ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားရေနံလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလည်းပါဝင်ပါကြောင်း၊ မြေအောက်၊ ရေအောက်စွမ်းအင်သယံဇာတများကို ရှာဖွေ၊ တူးဖော်ထုတ်လုပ်ခြင်းသည် နည်းပညာ၊ အရင်းအနှီးနှင့် စွန့်စားမှုများ လွန်စွာကြီးမားပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ အကျိုးရှိစေရန်နှင့် စွန့်စားမှုများ လျှော့ချနိုင်ရန် ခေတ်မီနည်းပညာများ အသုံးပြု၍ ရှာဖွေ၊ တူးဖော်ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းစသည့်လုပ်ငန်းစဉ်အားလုံးတွင် ဆောင်ရွက်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည်အဓိကကျပါကြောင်း၊ သို့ဖြစ်ပါ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုအကျိုးရှိထိရောက်စွာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ သမဝါယမ အသင်းအဖွဲ့များအား စွမ်းအင်ဝန်ကြီးဌာနမှ ဦးစီးလုပ်ကိုင်လျက်ရှိသည့် ကုန်းတွင်းလုပ်ကွက်များအနက် ၁၀ ကွက်တွင် ခေတ်မီနည်းပညာများ အသုံးပြု၍ ဆောင်ရွက်ခွင့်ရရှိရန် နိုင်ငံတော်အစိုးရထံ တင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုခွင့်ပြုပေးခဲ့သည့် IOR – 6 (မြန်အောင်ဒေသ)သည် ဒုတိယအကြိမ်မြောက်ခွင့်ပြုပေးခဲ့သော ကုန်းပိုင်းလုပ်ကွက် ဖြစ်ပါကြောင်း၊ ပထမလုပ်ကွက်ကို တိုင်းရင်းသားပိုင် ရေနံကုမ္ပဏီတစ်ခုကို ၂၀၂၄ ခုနှစ်အောက်တိုဘာလအတွင်းက ခွင့်ပြုပေးခဲ့ပြီး ယခုအချိန်တွင် သဘာဝဓာတ်ငွေ့များ တူးဖော်ထုတ်လုပ်နေနိုင်ပြီဖြစ်၍ ယင်းဒေသ၏ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိနေပါကြောင်း၊ ယခု ဒုတိယလုပ်ကွက်ဖြစ်သည့် မြန်အောင်ရေနံမြေသည် ပြည်အနည်ကျချိုင့်ဝှမ်းတွင်ပါဝင်၍ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ စပ်ကြားနေရာတွင်တည်ရှိပြီး အစဉ်အလာကောင်းခဲ့သည့် ရေနံမြေတစ်ခုဖြစ်ပါကြောင်း၊ ယင်းဒေသမှ ရေနံစိမ်းများ တိုးတက်ရရှိရန် မျှော်မှန်းပြီး စက်သုံးဆီများ ချက်လုပ်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ယခုလို ဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံသားပိုင် ရေနံကုမ္ပဏီများအနေဖြင့် နိုင်ငံတကာရေနံကုမ္ပဏီများအဆင့်သို့ တက်လှမ်းလာနိုင်ခြင်း၊ ရေနံတူးဖော်ရေးလုပ်ငန်းများတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အားကောင်းလာခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်၏ စွမ်းအင်သယံဇာတများကို အကျိုးရှိထိရောက်စွာ ထုတ်ယူအသုံးချနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ယခုလိုအခက်အခဲများကြားမှ အောင်မြင်စွာ စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်ရေး ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ပေးကြသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် Myanmar Kinsanar Co.,Ltd. ကုမ္ပဏီမှ တာဝန်ရှိသူများအား အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် Myanmar Kinsanar Co.,Ltd. တို့၏ တူညီသော ဘုံရည်မှန်းချက်များ အောင်မြင်စေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Kinsanar Co., Ltd. ၏ Director က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Myanmar Kinsanar Co., Ltd. ၏ Managing Director တို့က ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ)၊ ဧရိယာ – ၂ အတွက်တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အသည်းရောင်အသားဝါရောဂါစီပိုးသည် ကုသဆေးများနှင့် လုံးဝပျောက်ကင်းအောင် ကုသနိုင်ပြီး အသည်းရောင်အသားဝါရောဂါ ဘီရောဂါပိုးအား ကာကွယ်ဆေးများ စနစ်တကျထိုးနှံမှုခံယူခြင်းဖြင့် ကာကွယ်နိုင်

**နေပြည်တော် ဇွန် ၄**

အသည်းရောင်အသားဝါရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ ကမ္ဘာပေါ်တွင် နာတာရှည်အသည်းရောင်အသားဝါစီရောဂါဖြစ်ပွားမှု သန်း ၅၀ ခန့်၊ တစ်နှစ်လျှင် လူနာသစ် တစ်သန်းခန့် ရှိနေပြီး ၂၀၂၂ ခုနှစ်တွင် လူဦးရေ နှစ်သိန်းခွဲခန့်သည် အသည်းခြောက်ခြင်းနှင့်အသည်းကင်ဆာ ရောဂါများကြောင့် သေဆုံးခဲ့ရပါကြောင်း၊ အသည်းရောင်အသားဝါရောဂါစီပိုးသည် ကုသဆေးများနှင့် လုံးဝပျောက်ကင်းအောင် ကုသနိုင်ပြီး အသည်းရောင်အသားဝါရောဂါ ဘီရောဂါပိုးအား ကာကွယ်ဆေးများ စနစ်တကျထိုးနှံမှုခံယူခြင်းဖြင့် ကာကွယ်နိုင်ပါကြောင်း။

ယခုအခါ ပြည်သူ့ဆေးရုံကြီး ၁၄ ရုံတွင် အသည်းရောင်အသားဝါစီပိုး ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် လာရောက်မွေးဖွားသည့် မွေးကင်းစကလေးများကို အသည်းအရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးပေးခြင်းနှင့် အသက်(၅)နှစ်အောက်ကလေးများတွင် အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးပါဝင်သည့်



ငါးမျိုးစပ်ကာကွယ်ဆေးကို လေးကြိမ် ထိုးနှံပေးခြင်းများဖြင့် အသည်းရောင်အသားဝါရောဂါ ဘီပိုးကာကွယ်တားဆီးပေးလျက်ရှိပါကြောင်း၊ အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် တွေ့ရှိရသောအခက်အခဲများကို ဆွေးနွေးသုံးသပ်ပြီး ဆေးနှင့် ဆေးပစ္စည်းများကို လူနာများအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် လူနာဆေးကုသမှု ပိုမိုဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အား နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ဆက်လက်ကျင်းပပြီး တက်ရောက်လာကြသူများက အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် အခက်အခဲများအား သုံးသပ်ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီ၊ ကာလသားရောဂါနှင့် အသည်းရောင်အသားဝါ ဘီရောဂါကင်းစင်ပပျောက်ရေး (Triple Elimination) နှင့် အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ပြန်လည်သုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများချမှတ်ခြင်းတို့ကို ဇွန် ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်တာ သုံးသပ်ညှိနှိုင်းဆွေးနွေးကြမည် ဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ အသည်းရောင်အသားဝါရောဂါ စီပိုးကုသမှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသော ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခသမားတော်ကြီးများ၊ အသည်းရောဂါဆေးပညာဌာန ပါမောက္ခများ၊ ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)၊ Myanmar CDC နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) တို့မှ အထူးကုဆရာဝန်ကြီး များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Clinton Health Access Initiative (CHAI) အဖွဲ့၊ မြန်မာ့အသည်းဖောင်ဒေးရှင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်း စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် တရုတ် – မြန်မာ နှစ်နိုင်ငံဆက်ဆံရေး စိန်ရတုမှသည် ...

တာရာ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားအလောင်းသည် ဟိမဝန္တာ၌ ဆင်ရှစ်သောင်းခြံရံသော ဆင်မင်းဖြစ်နေသည်။ ထိုတော၌ ငှက်မတစ်ကောင်သည် အမွေးအတောင် မစုံသေးသော ငှက်ကလေးများနှင့် အသိုက်လုပ်၍ နေရာ တစ်နေ့တွင် ဆင်တို့သည် အသိုက်အနီးမှဖြတ်၍ အစာရှာထွက်လာလေသည်။

ငှက်မသည် သားငယ်တို့ကို နင်းမိမည်စိုးသည့်အတွက် ဆင်မင်းရှေ့တွင် ဝပ်၍ အတောင်နှစ်ဖက်ယှက်ပြီး ရှိခိုးအသနားခံကာ အသက်ကယ်ပေးရန် တောင်းပန်သည်။ ဆင်မင်းက ငှက်သားငယ်တို့၏ အသိုက်အထက်က ရပ်လျက် အကာအကွယ်ပေးပြီး ဆင်အပေါင်းတို့ဖြတ်၍ သွားစေပြီးမှ ငှက်မအား "နောက်တွင် တစ်ကောင်တည်းလာသော ဆင်သည် ငါ၏စကားကို နားထောင်သူမဟုတ်။ ထိုဆင်လာလျှင်လည်း သင်၏ သားငယ်တို့အတွက် တောင်းပန်ချေဦး"ဟု မှာကြားကာ သွားသည်။

ငှက်မလည်း ထိုဆင်အား အလားတူနည်းအတိုင်း ရှိခိုးတောင်းပန်သော်လည်း ရိုင်းစိုင်းသောဆင်သည် အသိုက်ကို နင်းဖျက်ပြီး ဝမ်းမြောက်သောအသံပြုလျက် သွားလေသည်။

ငှက်မသည် သားငယ်တို့ ဆုံးရှုံးလိုက်ရသည့်အတွက် ဝမ်းနည်းကြေကွဲခံစားရလျက် တစ်နေ့အကြောင်းသိစေမည်ဟု ကြိမ်းမောင်းကာ မိတ်ဆွေကျီးကန်းထံသွား၍ ဆင်၏ မျက်လုံးကို နှုတ်သီးဖြင့် ထိုးဖောက်ပေးရန် အကူအညီတောင်း၏။ ထို့နောက် ယင်မတစ်ကောင်ထံသွားကာ ကျီးကန်းထိုးဖောက်ထားသည့် မျက်စိအနာတွင် ပိုးမွှားများ ဥချပေးရန် တောင်းဆိုသည်။

လောက်ကိုက်သည့် ဒဏ်ရာကြောင့် ပြင်းစွာသောဝေဒနာကို ခံစားနေရသည့် ဆင်ကြီးသည် အစာရေစာပြတ်လပ်၍ နေလေသည်။ ထိုအခါ ငှက်မက မိတ်ဆွေဖြစ်သူ ဖားအား တောင်ထိပ်တွင်နေ၍ အော်ရန် အကူအညီ တောင်းပြန်လေသည်။ ဖားအော်သံကြောင့် ဆင်ကြီးသည် ရေရှိသည်အထင်နှင့် တောင်ထိပ်ပေါ်သို့ တက်၍ သွားလေသည်။

တောင်ထိပ်ပေါ် အရောက်တွင် အားအင်ချည့်နဲ့နေသည့် ဆင်ကြီးသည် အလွန်တရာနက်သည့် ချောက်ထဲသို့ ကျကာ အသက်ဆုံးရှုံးခဲ့ရကြောင်း ဘုရားလောင်း၏ ဘဝဖြစ်တော်စဉ် ၅၅၀ ဇာတ်နိပါတ်တော်တွင် ဖတ်မှတ်ခဲ့ဖူးသည်။

### မိတ်ဆွေကောင်းများဖြင့် အောင်မြင်ပျော်ရွှင်သည့်ဘဝကို တည်ဆောက်နိုင်

အလွန်သေးငယ်လှသည့် ငှက်မသည် ခွန်အားဗလနှင့် ပြည့်စုံသော ဆင်ပြောင်ကြီးကို မိတ်ကောင်းဆွေကောင်းများ၏ အကူအညီဖြင့် အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။

မိတ်ဆွေ သူငယ်ချင်းကောင်းရှိခြင်းက တစ်ယောက်အားဖြင့် ခက်ခဲနေသည့် အရာများကို စုပေါင်းအားဖြင့် ကျော်လွှားနိုင်သည့် သာဓကပင်ဖြစ်သည်။ အလားတူ မိတ်ဆွေကောင်းများဖြင့် အောင်မြင်ပျော်ရွှင်သည့်ဘဝကို တည်ဆောက်နိုင်သလို ရှည်လျားလှသည့် ဘဝသံသရာကိုပင် လမ်းဆုံးရောက်အောင် လျှောက်လှမ်းနိုင်သည်အထိ တရားထူး တရားမြတ်များ ရရှိစေနိုင်သည်။

### လျှင်ဘေးတွင် လက်မနှေးဘဲ အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်

အခက်အခဲ၊ အန္တရာယ်ကြုံတွေ့နေသည့်အခါ ရှောင်ဖယ်မသွားဘဲ အသက်ဘေးမှ ကာကွယ်ပေးခြင်း၊ ပစ္စည်းဥစ္စာများကို စောင့်ရှောက်ပေးခြင်း၊ ကြောက်လန့်နေခိုက် အားပေးနှစ်သိမ့်ခြင်း၊ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ပေးခြင်းတို့မှာ မိတ်ဆွေကောင်းတို့ ပြုလုပ်အပ်သည့် အမူအကျင့်များပင် ဖြစ်သည်။

> ■ မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးချိန်တွင် အစောဆုံးကူညီကယ်ဆယ်ရေး ရောက်ရှိလာခဲ့သည့်အဖွဲ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးကြောင့် အခက်အခဲများ၊ ဘေးဒုက္ခများနှင့် ရင်ဆိုင်နေရချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက မြန်မာပြည်သူလူထုနှင့် ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာကို ပေးပို့ခဲ့ပြီး အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ စာနာနားလည်ကြောင်း ပြသခဲ့ . . .

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပါသည်။ ယင်းငလျင်ကြီးသည် ၁၉၀၀ ပြည့်နှစ်နောက်ပိုင်းလှုပ်ခတ်ခဲ့သည့် ငလျင်များအနက် ဒုတိယ အပြင်းထန်ဆုံးဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို လိုက်နာကျင့်သုံးသော နိုင်ငံဖြစ်သည့်အားလျော်စွာ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများက ငလျင်ဘေးတွင် လက်မနှေးဘဲ အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခြင်း၊ လိုအပ်သည့် အကူအညီများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရုရှား၊ တရုတ်နှင့် အိန္ဒိယအပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံက လိုအပ်သည့် အစားအစာ၊ ဆေးဝါး စသည်ဖြင့် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများက အလျင်အမြန်ပင် ရောက်ရှိလာခဲ့သည်။

### တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့က မြန်မာနိုင်ငံကို ပထမဆုံးရောက်ရှိခဲ့

မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးချိန်တွင် အစောဆုံး ကူညီကယ်ဆယ်ရေး ရောက်ရှိလာခဲ့သည့်အဖွဲ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးကြောင့် အခက်အခဲများ၊ ဘေးဒုက္ခများနှင့် ရင်ဆိုင်နေရချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက မြန်မာပြည်သူလူထုနှင့် ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာကို ပေးပို့ခဲ့ပြီး အမြန်ဆုံး ကျော်ဖြတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ စာနာနားလည်ကြောင်း ပြသခဲ့သည်။

**"ငလျင်လှုပ်ပြီး ၁၈ နာရီအတွင်း တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံက ငလျင်ဒဏ်သင့်တဲ့ ဒေသကို စေလွှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့က မြန်မာနိုင်ငံကို ပထမဆုံးရောက်ရှိခဲ့တာဖြစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ပထမဆုံး ဆောင်ရွက်နိုင်ခဲ့ပါတယ်"** ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာဌာန ဒုတိယညွှန်ကြားရေးမှူး Mr. Liang Jianjun က ပေကျင်းမြို့၌ မေလ ၂၀ ရက်က ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ အစိုးရ၊ တပ်မတော်၊ ဒေသခံပြည်သူနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် လူပေါင်း ၆၀၀ ကျော်ပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့ ၃၁ ဖွဲ့ကို စေလွှတ်ပေးခဲ့သည်။

**"ကျွန်တော်တို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကို ပေးခဲ့ပါတယ်။ တဲတွေ၊ အစားအစာ၊ ဆေးဝါးနဲ့ အခြားအရေးတကြီး လိုအပ်နိုင်တဲ့ အသုံးအဆောင်ပစ္စည်းတွေ အပါအဝင် သဘာဝဘေးဖြစ်ပွားပြီးနောက် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အကူအညီတွေကိုလည်း ပေးအပ်ခဲ့ပါတယ်။ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေကို အကဲဖြတ်နိုင်ဖို့၊ ဒုတိယသဘာဝဘေး မဖြစ်ပွားစေရေး တားဆီးနိုင်ဖို့၊ ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်တဲ့ အခြေခံအချက်တွေကို အကူအညီပေးနိုင်ဖို့ ကပ်ရောဂါ**

*စာမျက်နှာ ၇ သို့*



မန္တလေးငလျင်ကြီးကြောင့် Sky Villa ကွန်ဒို အဆောက်အအုံအတွင်း ပိတ်မိနေသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့နှင့် Ramunioun Rescue တို့ ပူးပေါင်း၍ ၃၁–၃–၂၀၂၅ ရက် နံနက် ၆ နာရီ မိနစ် ၂၀ တွင် အောင်မြင်စွာ ကယ်ထုတ်ခဲ့စဉ်။



## တိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးအားလုံး အနည်းဆုံး မဖြစ်မနေ(KG+9)အထိ တက်ရောက်သင်ကြားနိုင်ရေး အလေးထားဆောင်ရွက်

**ပဲခူး ဇွန် ၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက် နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှု အခြေအနေနှင့် ပတ်သက်၍ ခရိုင်/တိုင်းဒေသကြီး ပညာရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အနာဂတ်နိုင်ငံတော်အား ယနေ့လူငယ်များမှ ပခုံးပြောင်းတာဝန်ယူကြရမည်ဖြစ်၍ ပညာရေးနှင့် စာတတ်မြောက်ရေးသည် နိုင်ငံတော်အတွက် အလွန်ရေးကြီးသည့် အခန်းကဏ္ဍတစ်ခုပင်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ကျောင်းနေအရွယ်ကလေးအားလုံး အနည်းဆုံးမဖြစ်မနေ(KG+9)အထိ အခမဲ့ပညာသင်ကြားနိုင်ရေး ဘက်ပေါင်းစုံ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ရာနှုန်းပြည့် ကျောင်းအပ်နှံရေးနှင့် ဇူလိုင်လကုန်အထိ ကျောင်းအပ်လက်ခံပေးသွားမည်ကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသက်မွေးပညာရပ်များ ဖွင့်လှစ်သင်ကြားပေးနေသည့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများတွင်လည်း သင်ထောက်ကူပစ္စည်းများ ပြည့်စုံစေရေး လိုအပ်သည်များ ဖြည့်ဆည်းပေးသွားရမည်ဖြစ်သကဲ့သို့ ခရိုင်/မြို့နယ်ပညာရေးမှူးများအနေဖြင့် ကျေးရွာအဆင့် စာသင်ကျောင်းများအထိ ကွင်းဆင်း၍ စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူးက မြို့နယ်အလိုက် အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှု၊ ကျောင်းအပ်နှံနိုင်မှုနှင့် ကျောင်းတက်ရောက်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး (အနောက်) ပညာရေးမှူးနှင့် တိုင်းဒေသကြီးပညာရေးမှူးတို့က နှစ်အလိုက် ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တင်ပြချက်များနှင့်ပတ်သက်၍ သုံးသပ်အကြံပြုတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် ရာခိုင်နှုန်းပြည့် ကျောင်းတက်ရောက်နိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများ တက်ရောက်ကြည့်ရှုအားပေး

**တောင်ကြီး ဇွန် ၄**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင်တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ဒုတိယနေ့ပြိုင်ပွဲ အမျိုးသမီးပွဲစဉ်အဖြစ် အုပ်စု(ခ)မှ မွန်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဂ)မှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဃ)မှ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ထို့နောက် အမျိုးသားပွဲစဉ်အဖြစ် အုပ်စု(ခ)မှ မကွေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဃ)မှ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင်အုပ်စု (က)မှ ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အုပ်စု(က)မှ ရခိုင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချင်းပြည်နယ်အသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

*စာမျက်နှာ ၆ မှ*

**ကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များကို အကဲဖြတ်နိုင်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ရေးတို့မှာ ကျွမ်းကျင်ပညာရှင်တွေ ပါဝင်တဲ့ အဖွဲ့တွေကို မကြာသေးမီက စေလွှတ်ထားပြီးဖြစ်ပါတယ်”** ဟု ထပ်လောင်းပြောကြားခဲ့သည်။

မြန်မာနှင့် တရုတ်နိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော် ညီအစ်ကိုရင်းများ သဖွယ်ဖြစ်ကြောင်း ငလျင်ဘေးတွင် တရုတ်နိုင်ငံမှ လျင်မြန်သော ကူညီကယ်ဆယ်ရေး လုပ်ငန်းများသည် တရုတ် - မြန်မာ အသိုက်အဝန်း၏ တူညီသော အနာဂတ်နှင့် အေးအတူပူအမျှ အတူတကွ ရပ်တည်မည်ဆိုသည့် အဓိပ္ပာယ်ကို သက်သေပြခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ငလျင်ဘေးသာမက ရာဂီမုန်တိုင်းဒဏ်ခံရစဉ်ကလည်း ကူညီထောက်ပံ့မှုများပေးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံအတွက် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းအဖြစ် အစဉ်ရပ်တည်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ဆိုရိုးစကားတစ်ခုဖြစ်သည့် **“ဝေးကွာနေသော ဆွေမျိုးသည် အနေနီးသော အိမ်နီးချင်းလောက် မကောင်းနိုင်ပါ”** ဆိုသည့်အတိုင်း အိမ်နီးချင်းကောင်း ရှိခြင်းသည် အေးချမ်းလုံခြုံသောအိမ်ကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်သည်။

အိမ်နီးချင်းများသည် အပြန်အလှန် အကျိုးပြုစောင့်ရှောက်ခြင်းဖြင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ဖော်ဆောင်လာနိုင်မည်ဖြစ်သလို နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းပြီး စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် နှစ်လမ်းသွား ခရီးတစ်ခုဖြစ်ပင်သည်။

ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ကာ စည်းလုံးညီညွတ်ခဲ့ကြသည့် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးသည် ယခုနှစ်တွင် (၇၅) နှစ်မြောက် စိန်ရတုရောက်ခဲ့ပြီဖြစ်ရာ စိန်ရတုမှသည် နှစ်ပေါင်းထောင်သောင်း အစဉ်တည်တံ့ခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။



၃၁- ၃ - ၂၀၂၅ ရက်နေ့က နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ပုဂ္ဂလိကအထူးကုဆေးရုံ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကယ်ဆယ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် ဇွန် ၄**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေလ ၂၀ ရက်မှ ၂၇ ရက်နေ့အထိ အခြေအနေကို ၂၇-၅-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မေလ ၂၈ ရက်နေ့မှ ဇွန်လ ၃ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း သီရိလင်္ကာနိုင်ငံမှ ထပ်မံပေးပို့လှူဒါန်းလာသော စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လည်းကောင်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကို ဘေးသင့်လူဦးရေအချိုးအစားအပေါ် မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ပြီးဖြစ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၄ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ *စာမျက်နှာ ၉ သို့*




စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။




နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။

**ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၃-၆-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | ၁၄၅၈၈ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၄၈ | ၄၆၀၂ | |
| ၂ | တာပေါ်လင်/ မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၂၃ | ၄ | ၂၅ | ၁၄၉၇ | - | ၅၁၄ | ၆၈၃ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၄၂၈ | - | ၁၅၆ | ၁၂ | | ၉၆၀ | ၁၃၀၀ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၇၄ | ၁၈၂ | ၂၅၇ | ၁၆ | ၁၉ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန် ပစ္စည်းမျိုးစုံ | မျိုး | ၁၀၀ | ၂၇ | ၄၇ | ၂၀ | ၆ | - | - | |
| | | ဖာ | ၁၉၂၉၃ | ၉၈၆၆ | ၇၅၅၂ | ၁၃၅၅ | ၄၃၄ | ၈၆ | - | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန် ပစ္စည်းမျိုးစုံ | မျိုး | ၈၉ | ၂၅ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၄၅၈၃ | ၁၀၉၄ | ၂၃၇၁ | ၉၆၅ | ၁၂၀ | ၃၃ | - | |
| | | ထုပ် | ၁၈၁၃ | ၇၀၂ | ၉၆၉ | ၇၅ | ၆၇ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၇၃ | ၃၃ | ၃၀ | ၅ | ၅ | | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၁၂၀ | ၄၈ | ၄၉ | ၁၁ | ၁၀ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ် ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၄၁ | ၁၃၃ | ၁၇၉ | ၁၆ | ၁၃ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၈၂၇ | ၂၆ | - | - | - | ၁၈၀၁ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

*စာမျက်နှာ ၈ မှ*

မော်တော်ယာဉ် ၃၂ စီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) သို့ မော်တော်ယာဉ် ၁၂ စီး စုစုပေါင်း တန်ချိန် ၂၄၂၇ ခန့် ဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၂၈-၅-၂၀၂၅ ရက်နေ့မှ ၃-၆-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများအား ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့် လျှော်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိ ဖြန့်ခွဲမှုတို့ကို ၁ ပတ်လျှင် ၁ ကြိမ် ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

**သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**
**(၂၈-၅-၂၀၂၅ ရက်နေ့မှ ၃-၆-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၅၈၇ | ၂၆၉ | ၂၆၄ | ၂၄ | ၃၀ | - | - | |
| | | အိတ် | ၈၅ | ၃၉ | ၃၈ | ၄ | ၄ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁၉၅ | ၈၇ | ၈၅ | ၁၁ | ၁၂ | - | - | |
| | | ထုပ် | ၂၆ | ၁၂ | ၁၀ | ၂ | ၂ | - | - | |
| | | ထည် | ၁၄ | ၆ | ၆ | ၁ | ၁ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | ၂၂ | ၉ | ၉ | ၂ | ၂ | - | - | |
| ၄ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | ၂ | - | - | ၁ | ၁ | - | - | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆၀ | - | - | - | - | ၆၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပါသည်။ |





ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းပုံ။

သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှု မှတ်တမ်းပုံ။

## ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၄**

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)၏ အခွန်ဆိုင်ရာရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက



ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ(ထီဖွင့်ပွဲခန်းမ)၌ ကျင်းပခဲ့ရာ ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ဌာနမှူးက ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာသောကုမ္ပဏီ အခွန်ထမ်းများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်သည့် ကုမ္ပဏီ ၁၁၄ ခုမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရှိရသည်။

**ကိုဇော်လတ်**

## တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**တာချီလိတ် ဇွန် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၃ ရက် ညနေ ၃ နာရီက ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန် ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ရှင်းလင်း ဆွေးနွေးပွဲတွင် တာချီလိတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဝေလှိုင်ဦးက အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်ဆိုင်ရာအကြောင်း သိကောင်းစရာများနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်း ဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ လုပ်ငန်းရှင်အခွန်ထမ်းပြည်သူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**



## မရမ်းကုန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲ

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်စံထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူစိုးဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ပူးပေါင်း၍ မရမ်းကုန်းမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး လိုက်လံချိတ်ဆွဲ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇွန် ၄**

MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ ပထမနေ့ကို ဇွန် ၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပရာ အသင်းစုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲပထမနေ့တွင် Noka United အသင်းက Fithouse အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘူရှီဒိုအသင်းက Nova အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ AON အသင်းက Comeback Junior အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး DAE အသင်းနှင့် King Cobra အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပြိုင်ပွဲကို အသင်းစုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ငါးသင်း ၁၀ အုပ်စုခွဲ၍ ပြုလုပ်လျက်ရှိသည်။ အုပ်စုပွဲများကို ဇွန် ၂၀ ရက်အထိ တစ်နေ့လျှင် ခြောက်ပွဲနှုန်းဖြင့် နေ့စဉ်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

▼ *ကျောဖုံးမှ*

ဇွန် ၁၄ ရက် ကလပ်ကမ္ဘာ့ဖလားမတိုင်မီ အပြီးသတ် ခေါ်ယူသွားဖွယ်ရှိနေသည်။ မန်စီးတီးအသင်းမှ အားထားရသည့် ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ မန်စီးတီးအသင်းတွင် ပါဝင်လာဖွယ်မရှိကြောင်း သိရသည်။

၎င်းသည် စီးရီးအေချန်ပီယံ နာပိုလီအသင်းထံ ပြောင်းရွှေ့ရေးနှင့် ပတ်သက်၍ သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေသည်။

ရှိုင်ဂျန်ဒါစ်သည် ပြီးခဲ့သည့်ရာသီတွင် အေစီမီလန်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၅၄ ပွဲပါဝင်ကစားထားပြီး ၁၅ ဂိုးသွင်းယူပေးထားနိုင်သည်။ ၎င်းသည် ရာသီပြီးဆုံးချိန်တွင် စီးရီးအေတစ်နှစ်တာ အကောင်းဆုံးကွင်းလယ်ကစားသမားအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ရှိုင်ဂျန်ဒါစ်သည် ၂၀၂၃ ခုနှစ်တွင် နယ်သာလန်ကလပ် အယ်ခမာအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ မန်စီးတီးအသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၈ ရက်တွင် မော်ရိုကိုကလပ် ဝစ်ဒက်ဒ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်အောင်. . .

ဒေါ်စံပယ်အောင်(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာမြေကြီးကို လူသားများ ထိန်းသိမ်းစောင့်ရှောက်လာစေရေး အသိပညာပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကုလသမဂ္ဂက ကြီးမှူး၍ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကမ္ဘာ့နိုင်ငံများ ပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ရန် ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံကြီးကို ကျင်းပခဲ့သည်။ အဆိုပါ ညီလာခံကျင်းပသည့် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်သည် ၁၉၇၄ ခုနှစ်မှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများ အာရုံစူးစိုက်မိလာစေရန်၊ နှစ်အလိုက်ဖြစ်ပွားနေသည့် အရေးကြီးပြဿနာရပ်များ၊ အဓိကစိန်ခေါ်မှုများနှင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိခိုက်ပျက်စီးနေမှုပြဿနာများအပေါ် အခြေအနေနှင့် အချိန်အခါအလိုက် အထူးဦးစားပေး ဆောင်ရွက်ရန် လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စတစ်ခုစီကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်အနေဖြင့် နှစ်စဉ်သတ်မှတ်ပေးလေ့ရှိသည်။

လက်ရှိအခြေအနေတွင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သော ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာများအား အဆုံးသတ်နိုင်ရေးအတွက် ပလတ်စတစ်ညစ်ညမ်းမှုကို လူသားများ ပိုမိုသတိပြုလာမိစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာများကို အားလုံးစုပေါင်းဆောင်ရွက်ကြစေရန် ယခုနှစ် ၂၀၂၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို **"ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး (Ending Plastic Pollution Globally)"** ဆောင်ပုဒ်ဖြင့် သတ်မှတ်ပေးခဲ့သည်။ အထိမ်းအမှတ်အခမ်းအနားကို ကိုရီးယားသမ္မတနိုင်ငံ (ဂျယ်ဂျူအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)က အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

### ပလတ်စတစ်ဆိုသည်မှာ

ပလတ်စတစ်ဆိုသည်မှာ ဂရိဘာသာစကားမှ ဆင်းသက်လာပြီး **"Plastikos" "ပုံသွင်း၍ သင့်သော ပစ္စည်း"** ဟု အဓိပ္ပာယ်ရသည်။ ပလတ်စတစ်သည် ပင်ကိုအားဖြင့် ပုံသဏ္ဌာန်မရှိသော်လည်း အပူနှင့် ဖိအားအောက်တွင် ပုံသွင်း၍ ပြုလုပ်နိုင်သည်။ ကမ္ဘာ့ပထမဆုံး ပလတ်စတစ်ကို ၁၈၆၂ ခုနှစ်တွင် Alexandar Parkes က စတင်တီထွင်ခဲ့သည်။ ပလတ်စတစ်သည် မော်လီကျူလာ ထုထည်မြင့်မားသော အော်ဂဲနစ်ပေါ်လီမာများဖြစ်ကြပြီး



ရေပြင်အတွင်း လူသားတို့ စွန့်ပစ်ထားသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ရေအောက်မှ ရိုက်ကူးထားစဉ်။

ပလတ်စတစ် ၉၉ ရာခိုင်နှုန်းကျော်အား ပြန်လည်မပြည့်ဖြိုးနိုင်သော သဘာဝအရင်းအမြစ်များ ဖြစ်သည့် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ စသည်တို့မှ ဆင်းသက်လာသည့် ဓာတုပစ္စည်းများမှ ထုတ်လုပ်ကြပြီး အနည်းစုသာလျှင် အပင်များမှရရှိသော ဆဲလူလို့စ်တို့မှ ထုတ်လုပ်နိုင်သည်။ ပလတ်စတစ်ကို ထုတ်လုပ်သည့် ကုန်ကြမ်းအပေါ် အခြေခံ၍ ရေနံဓာတ်ငွေ့တို့မှ ထုတ်လုပ်သည့် Crude–oil based plastic နှင့် အပင်များမှရရှိသော ဆဲလူလို့စ်တို့မှ အခြေခံထုတ်လုပ်သည့် Bio–based plastic ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ Crude–oil based plastic သည် အချိန်ကာလကြာမြင့်မှသာ ဆွေးမြည့်ပျက်စီးနိုင်ပြီး Bio–based plastic သည် အလွယ်တကူ ဆွေးမြည့်ပျက်စီးနိုင်သည်။

### ကမ္ဘာတစ်ဝန်းပလတ်စတစ်သုံးစွဲမှုအခြေအနေ

လူသားတို့သည် ပလတ်စတစ်ကို ဈေးနှုန်းသက်သာခြင်း၊ ထုပ်ပိုးရာတွင် ပေါ့ပါးခိုင်ခံ့မှုရှိခြင်း၊ ရေစိုခံခြင်း၊ အနံ့အသက်မရှိခြင်း၊ ပြန်လည်အသုံးပြုနိုင်ခြင်း၊ တာရှည်အသုံးပြုနိုင်ခြင်း၊ နေရာတိုင်းတွင် လွယ်ကူစွာရရှိနိုင်ခြင်းနှင့် စွန့်ပစ်ရန်လွယ်ကူခြင်းတို့ကြောင့် ပိုမိုသုံးစွဲလာကြခြင်းဖြစ်သည်။ ကမ္ဘာတွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၄၀၀ ကျော် ထုတ်လုပ်လျက်ရှိပြီး ၅၀ ရာခိုင်နှုန်းသည် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများဖြစ်ပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်း၏ ၁၀ ရာခိုင်နှုန်းကိုသာ ပြန်လည်ပြုပြင်အသုံးပြုနေကြသည်။ ကမ္ဘာတစ်ဝန်းတွင် တစ်မိနစ်လျှင် ပလတ်စတစ်သောက်ရေဘူး တစ်သန်းကျော် ဝယ်ယူသောက်သုံး၍ စွန့်ပစ်နေကြကြောင်းနှင့် တစ်နှစ်လျှင် တစ်ခါသုံးပလတ်စတစ်အိတ် ၅ ထရီလီယံကျော် သုံးစွဲစွန့်ပစ်လျက်ရှိကြောင်း UNEP မှ ခန့်မှန်းထားသည်။

### ပလတ်စတစ်ညစ်ညမ်းမှုကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ

ပလတ်စတစ်သည် ထုတ်လုပ်အသုံးပြုသည့်ကာလမှ စွန့်ပစ်သည်အထိ ၎င်း၏ သက်တမ်းတစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင်နှင့် သတ္တဝါတို့အပေါ် ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေသည်။ ပလတ်စတစ်အများစုသည် ပြန်လည်မပြည့်ဖြိုးနိုင်သော သဘာဝအရင်းအမြစ်များ (Non–renewable resources) မှ အသုံးပြု၍ ထုတ်လုပ်ခြင်းဖြစ်သဖြင့် အလွန်အကျွံ ထုတ်ယူသုံးစွဲပါက သဘာဝအရင်းအမြစ်များကို လျော့နည်းကုန်ခန်းစေသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကို အဆိုးရွားဆုံးဖြစ်စေသည့် အကြောင်းအရင်းလည်းဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှု၏ ဆိုးကျိုးသက်ရောက်မှုအနေဖြင့် မြေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ လေထုညစ်ညမ်းခြင်း၊ မြို့ပြ၏ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ခြင်းနှင့် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်ခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကိုလည်း ဖြစ်စေနိုင်သည်။

ပလတ်စတစ်သည် မြေဆီလွှာထဲတွင် နှစ်ပေါင်း (၅၀၀–၁၀၀၀) ခန့်ကြာမှ ဆွေးမြည့်နိုင်သည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား ကုန်းမြေတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ကုန်းနေသတ္တဝါများသည် ၎င်းတို့၏ အစာနှင့် ရောနှောစားသုံးမိပြီး အစာချေဖျက်မှုဆိုင်ရာ ပြဿနာများဖြစ်ပွားကာ သေဆုံးမှုအထိပါ ဖြစ်ပွားစေနိုင်သည်။ မြေဆီလွှာတွင် ပလတ်စတစ်ညစ်ညမ်းနေပါက သဘာဝမြေဆီမြေဩဇာကို လျော့ကျစေသည့်အပြင် အပင်ပေါက်နှုန်းနှင့် အပင်များ ရှင်သန်ကြီးထွားနှုန်းကိုပါ လျော့ကျစေသည်။

ထို့အပြင် ရေလမ်းကြောင်းအနီးတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ရေချိုသယံဇာတများအား ညစ်ညမ်းစေပြီး ရေထုအရည်အသွေးကို ကျဆင်းစေသည့်အပြင် မြစ်များ၊ ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအဏ္ဏဝါပတ်ဝန်းကျင်သို့ ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ သေးငယ်သော ပလတ်စတစ်အပိုင်းအစများ (မိုက်ခရိုပလတ်စတစ်) အဖြစ် ပြောင်းလဲဖြစ်ပေါ်ကာ အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ပင်လယ်သမုဒ္ဒရာများသို့ ရောက်ရှိနေသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများတွင် ရေနေသတ္တဝါများ တွယ်ငြိနေခြင်း၊ သေးငယ်သော ပလတ်စတစ်အပိုင်းအစများအား ရေနေသတ္တဝါများက ၎င်းတို့၏ အစာဟု ထင်မှတ်၍ စားသုံးမိသဖြင့် အစာချေဖျက်မှုဆိုင်ရာ ပြဿနာများနှင့် သေဆုံးမှုများ ဖြစ်ပွားနိုင်ပြီး အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်စေနိုင်သည်။

အမေရိကန်တွင် သုတေသနပြုချက်အရ တစ်နှစ်လျှင် ပလတ်စတစ်ကြောင့် ရေနေသတ္တဝါသေဆုံးမှု တစ်သိန်းကျော်ရှိနေသည်။ လက်ရှိအခြေအနေအတိုင်း ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်သမုဒ္ဒရာများ၌ ငါးများထက် ပလတ်စတစ်များ ပိုမိုများပြားစွာ ရှိနေမည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးပါက အီသိုင်းလင်းအောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်နှင့် ဖျူရမ် စသည့် ဓာတ်ငွေ့များ ထွက်ရှိပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသဖြင့် အဆိုပါ အဆိပ်ဓာတ်ငွေ့များကို ရှူရှိုက်မိပါက လူတို့၏ သွေးနှင့် ဆီးများအတွင်းသို့ ရောက်ရှိပြီး ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်သည်။ ပလတ်စတစ်စွန့်ပစ်အမှိုက်များအား စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် မြို့ပြ/ရပ်ကွက်/ကျေးရွာ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ပျက်စီးစေခြင်း၊ ရေမြောင်းနှင့် နောက်ဖေးလမ်းကြားများအတွင်းသို့ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့် ရေမြောင်းများပိတ်ကာ မကြာခဏ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ ပတ်ဝန်းကျင်မြင်ကွင်းပသာဒနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို ပျက်စီးစေသဖြင့် ခရီးသွားလုပ်ငန်းကဲ့သို့သော စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်စေနိုင်သည်။ ပလတ်စတစ်ထုတ်ကုန်များသည် အသုံးပြုစဉ်တွင်လည်း ပလတ်စတစ်တွင် ပါဝင်သော ဓာတုပစ္စည်းများ ယိုစိမ့်ပြီး အဆိပ်အတောက်များ ဖြစ်စေနိုင်သည်။ ပလတ်စတစ်အိတ်နှင့် ပလတ်စတစ်ပန်းကန်ခွက်ယောက်များတွင် ပူနွေးသော အစားအသောက်များအားထည့်၍ အသုံးပြုပါက ပလတ်စတစ်တွင် ပါဝင်နေသော ဓာတုပစ္စည်းများသည် အပူနှင့် ထိတွေ့သည့်အခါ ပုံမှန်ထက် ပိုမိုလျင်မြန်စွာ ဓာတ်ပြု၍ အစာထဲသို့ ကင်ဆာရောဂါဖြစ်စေမည့် ဓာတ်တစ်မျိုး ရောနှောပါဝင်သွားစေသည်။ ပလတ်စတစ်တွင်ပါဝင်သော ဓာတုပစ္စည်းများကြောင့် ဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ သွေးတိုးရောဂါများသာမက အမျိုးသမီးများ၏ မျိုးပွားခြင်းနှင့် သန္ဓေတည်ခြင်းကို အနှောင့်အယှက်ဖြစ်နိုင်ကြောင်းကို ဩစတြေးလျနှင့် ဂျာမနီသုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။

*စာမျက်နှာ ၁၁ သို့*

**❂ ပလတ်စတစ်ထုတ်ကုန်များသည် အသုံးပြုစဉ်တွင်လည်း ပလတ်စတစ်တွင်ပါဝင်သော ဓာတုပစ္စည်းများ ယိုစိမ့်ပြီး အဆိပ်အတောက်များ ဖြစ်စေနိုင်သည်။ ပလတ်စတစ်အိတ်နှင့် ပလတ်စတစ်ပန်းကန်ခွက်ယောက်များတွင် ပူနွေးသော အစားအသောက်များအားထည့်၍ အသုံးပြုပါက ပလတ်စတစ်တွင် ပါဝင်နေသော ဓာတုပစ္စည်းများသည် အပူနှင့် ထိတွေ့သည့်အခါ ပုံမှန်ထက် ပိုမိုလျင်မြန်စွာဓာတ်ပြု၍ အစာထဲသို့ ကင်ဆာရောဂါဖြစ်စေမည့် ဓာတ်တစ်မျိုး ရောနှောပါဝင်သွားစေသည်။ ပလတ်စတစ်တွင်ပါဝင်သော ဓာတုပစ္စည်းများကြောင့် ဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ သွေးတိုးရောဂါများသာမက အမျိုးသမီးများ၏ မျိုးပွားခြင်းနှင့် သန္ဓေတည်ခြင်းကို အနှောင့်အယှက်ဖြစ်နိုင်**

## မြစ်ကြီးနားမြို့နယ်၌ ကျေးရွာချင်းဆက် လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မြစ်ကြီးနား ဇွန် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်ရန် ရည်ရွယ်၍ မော်ဖောင်းကျေးရွာအုပ်စု အထက်မော်ဖောင်းကျေးရွာနှင့် ငအိုးကျေးရွာတို့၌ ကျေးရွာချင်းဆက် လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၂ ရက် နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဦး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများသည် အထက်မော်ဖောင်းကျေးရွာ ကြိုးတံတားမှ ဝန်တင်တပ်သွားလမ်းအရှည် ၄ ဒသမ ၉ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ဒု ၇ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် ငအိုးကျေးရွာတွင် အရှည် ပေ ၃၀၀၊ အကျယ် ပေ ၂၀ ရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ကွန်ကရစ်လမ်းနှင့် ကွန်ကရစ် တံတားများသည် ပြည်နယ် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**အထက်မင်းလှ ဇွန် ၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အဖွဲ့များက မင်းလှ အခြေခံပညာ အထက်တန်းကျောင်းတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ယနေ့နံနက် ၈ နာရီခွဲက ဆောင်ရွက်သည်။



အဆိုပါ လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးမြတ်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဇွန် ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

### ပြည်သူအားလုံးပါဝင်ရမည့် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းများ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို တားဆီးကာကွယ်ထိန်းချုပ်နိုင်ရန် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်မှုသည် အလွန်အရေးကြီးလှသည်။ ပလတ်စတစ်ကို မဖြစ်မနေ လိုအပ်သည့်နေရာများတွင်သာ အသုံးပြုသင့်သည်။ ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်မည့် 5R စနစ်ဖြစ်သော ပလတ်စတစ်ကို လျှော့ချခြင်း(Reduce)၊ ပြန်လည်အသုံးပြုခြင်း (Reuse)၊ ပြန်လည်တီထွင်အသုံးပြုခြင်း (Recycle)၊ အသုံးပြုနိုင်သောနေရာသို့ ပြန်လည်ပေးပို့ခြင်း (Return)၊ အသုံးပြုရန် မလိုအပ်ပါက ငြင်းပယ်ခြင်း (Reject) စသည့် နည်းလမ်းငါးသွယ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်သည်။ ပုဂ္ဂလိကကုမ္ပဏီများသည် ထုတ်ကုန်ပစ္စည်းများနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော လုပ်ငန်းများမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ကောင်းမွန်သည့် စီမံခန့်ခွဲမှုစနစ်ဖြင့် တာဝန်ယူစီမံဆောင်ရွက်ခြင်း၊ တစ်ခါသုံးပလတ်စတစ် အစားထိုးပစ္စည်းများအား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ထုတ်ကုန်အမှတ်တံဆိပ်များပေါ်တွင် ပလတ်စတစ်လျှော့ချရေး သတိပေးချက်များ ထည့်သွင်းခြင်းနှင့် ထပ်မံအသုံးပြုနိုင်သော ထုပ်ပိုးပစ္စည်းများ၊ ပလတ်စတစ်အစားထိုး အသုံးပြုနိုင်မည့်ပစ္စည်းများ တီထွင်ဖန်တီးခြင်းသည် ပုဂ္ဂလိကကဏ္ဍ၏ တာဝန်ဖြစ်သည်။ ထို့အပြင် Corporate Social Responsi-bility (CSR) အစီအစဉ်များအောက်တွင် ပတ်ဝန်းကျင် ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် ပညာပေးအဖွဲ့အစည်းများအား ထောက်ပံ့ကူညီမှုများ ပြုလုပ်ခြင်းသည်လည်း ပုဂ္ဂလိကကုမ္ပဏီများ၏ တာဝန်ယူမှုကို ပြသနိုင်သည်။

ပြည်သူများအနေဖြင့် အစားအသောက်ထုပ်ပိုးခြင်း၊ သယ်ဆောင်ခြင်း၊ ဈေးဝယ်ထွက်ခြင်း စသည်တို့ လုပ်ဆောင်ရာတွင် ပလတ်စတစ်အိတ်များကို အသုံးမပြုဘဲ ကိုယ်ပိုင်ထမင်းချိုင့်၊ ထမင်းဘူး၊ ရေဘူး၊ လက်ဆွဲခြင်း စသည်တို့ဖြင့် အသုံးပြုခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော တစ်ခါသုံး ပလတ်စတစ်အစားထိုးပစ္စည်းများအား သုံးစွဲခြင်း၊ တစ်ခါသုံးပလတ်စတစ်ထုတ်ကုန်များ အသုံးပြုခြင်းကို ငြင်းဆန်ခြင်း၊ ပလတ်စတစ်သုံးစွဲမှုလျှော့ခြင်း၊ မိမိတို့သုံးစွဲသည့် ပလတ်စတစ်အပါအဝင် အခြားစွန့်ပစ်ပစ္စည်းများအား သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းနှင့် ပြန်လည်ပြုပြင် ထုတ်လုပ်မည့်နေရာများသို့ ပြန်လည်ပို့ဆောင်ခြင်းတို့ကို အလေးထားဆောင်ရွက်သင့်သည်။

### ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာအား ဖြေရှင်းဆောင်ရွက်နေမှုများ

ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ်ညစ်ညမ်းမှုကို ထိထိရောက်ရောက် တားဆီးနိုင်ရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ညီလာခံ (United Nations Environment Assembly– UNEA–5.2) တွင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ခုဖြစ်သည့် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ နယ်စပ်ဖြတ်ကျော် အဏ္ဏဝါအမှိုက်သရိုက်နှင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာများကို ၂၀၂၄ ခုနှစ်တွင် နောက်ဆုံးထားဖြေရှင်းနိုင်မည့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် (Internationally legally binding instrument on plastic pollution) ကို သဘောတူထောက်ခံခဲ့ကြသည်။ ထိုစာချုပ်တွင် ပလတ်စတစ် ထုတ်လုပ်မှုကန့်သတ်ခြင်း၊ ပြန်လည် အသုံးပြုနိုင်သော စနစ်များအား ပိုမိုအသုံးပြုခြင်း၊ နိုင်ငံတကာစံနှုန်း တစ်ခုတည်ဆောက်ခြင်းတို့ အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုနှင့်ပတ်သက်၍ ထိရောက်သော တားဆီးမှုများပါဝင်သည်။

မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀)ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ၊ ဆက်စပ်ပတ်သက်သူများနှင့် ဆွေးနွေးညှိနှိုင်းကာ UNEP ၏ အကူအညီဖြင့် ရေးဆွဲခဲ့ပြီး ၂၇–၁–၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၁/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့သည်။အဆိုပါ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား ဦးစားပေးစီမံခန့်ခွဲရမည့် စွန့်ပစ်ပစ္စည်းအမျိုးအစားတစ်ခုအဖြစ် သတ်မှတ်ဖော်ပြထားသည်။ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၏ ရေရှည်မျှော်မှန်းချက်မှာ **"မြန်မာနိုင်ငံ၏ တောက်ပသော အနာဂတ်ကို ရည်မှန်း၍ ထာဝစဉ် စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားရန်"** ဖြစ်ပြီး **"မြန်မာနိုင်ငံတွင် ပိုမိုစိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်အခြေအနေကို ရရှိနိုင်ရေးအတွက် ထုတ်လုပ်သူနှင့် စားသုံးသူအားလုံး ပူးပေါင်းပါဝင်ခြင်း၊ စွန့်ပစ်ပစ္စည်းအားလုံးကို ပြန်လည်အသုံးချနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု လုံးဝမရှိစေခြင်းနှင့် စွန့်ပစ်ပစ္စည်းအားလုံးကို ပြန်လည်အသုံးပြုသည့် ပတ်လည်စီးပွားရေးစနစ်ဖြစ်ခြင်းတို့ကို အခြေခံသော ဘက်စုံစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်ရန် "** ရည်ရွယ်ချက်ဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး၊ ပလတ်စတစ်ညစ်ညမ်းမှု အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များအား ရေးဆွဲအကောင်အထည်ဖော်၍ လည်းကောင်း၊ ပလတ်စတစ်နှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် စီမံခန့်ခွဲနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လည်းကောင်း၊ သန့်ရှင်း၍ ပလတ်စတစ်စွန့်ပစ်ပစ္စည်းကင်းစင်သော ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားနိုင်ရေး အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်၍ လည်းကောင်း၊ ပြည်သူလူထု အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်၍လည်းကောင်း အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။

ရုံးချုပ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပတ်သက်သည့် အကြောင်းအရာများအား ထည့်သွင်း၍ အသိပညာပေးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show အစီအစဉ်များတွင် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စုပေါင်းအမှိုက်ကောက်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ အပတ်စဉ် ဈေးများတွင် ပလတ်စတစ်အသုံးပြုမှု လျှော့ချရေးအတွက် စက္ကူအိတ်များဖြန့်ဝေခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ပလတ်စတစ်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (Plastic Waste Management Action Plan) များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပလတ်စတစ်ထုတ်ကုန်များအား ဆက်လက်ထုတ်လုပ် အသုံးပြုနေသည်နှင့်အမျှ ပလတ်စတစ်စွန့်ပစ်ပစ္စည်းပမာဏမှာ ဆက်လက်တိုးပွားနေမည်ဖြစ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ကောင်းမွန်သည့် စီမံခန့်ခွဲမှုစနစ်ဖြင့် စီမံခန့်ခွဲနိုင်ခြင်း မရှိသေးပါက ပလတ်စတစ်နှင့် ပတ်သက်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည်လည်း ဆက်လက်ရင်ဆိုင် ကြုံတွေ့နေရမည်ဖြစ်သည်။

ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးသည် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍတို့ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် အောင်မြင်စွာ ဖြေရှင်းနိုင်ပြီး ကျွန်မတို့နေထိုင်ရာ ပတ်ဝန်းကျင် သာယာလှပလာမည်ဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ခြင်းဖြင့် သက်ရှိများ၏ ဂေဟစနစ်များကို ထိန်းသိမ်းခြင်း၊ လူသားတို့၏ ကျန်းမာရေးအား ကာကွယ်စောင့်ရှောက်လာနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ ကောင်းမွန်လာနိုင်ခြင်း၊ မိမိပတ်ဝန်းကျင်တွင် အမှိုက်ထွက်ရှိမှု လျော့နည်းလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ **"ကမ္ဘာတစ်ဝန်း ပလတ်စတစ် ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး (Ending Plastic Pollution Globally)"** ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ် ညစ်ညမ်းမှု အဆုံးသတ်ရေးအတွက် အားလုံး ပူးပေါင်း၍ အတူလက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုစေတီတော်မြတ်ကြီး၏ စေတီတော်ကြီးကြွခိုင်မှုနှင့် ရွှေထီးတော်ကြွခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ပညာရှင်များက နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများကို ကောင်းမှုတော်ဘုရား သာသနာ့နယ်မြေအတွင်းရှိ သာသနာ့ဗိမာန်၌ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး ဆရာတော်ကြီးထံမှ သြဝါဒခံယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သကျဓီတာသီလရှင်စာသင်တိုက်နှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် သာသနိကအဆောက်အအုံများ မိုးမကျမီ စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ ပိုးတန်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သုံးထပ်ကျောင်းဆောင်အား မိုးမကျမီ စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းရှင်းလင်း ဖယ်ရှားနေမှုတို့ကို



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောဌာနများရှိ အခန်းအပျက်အစီးများအား တပ်မတော်သားများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

လည်းကောင်း၊ ထူပါရုံစေတီ၊ နန်းဦးမြို့သစ်မဟိယင်္ဂဏစေတီတော်များကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ စကုမှော်ငလျင်ဘေးသင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့သွားရောက်ကာ စည်းကမ်းတကျရှိစေရေး တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ငလျင်ဘေးဒဏ်သင့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော် နည်းလှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် Modular Container House များ ဆောက်လုပ်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ရေ၊ မီး၊ မိလ္လာရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနဝင်းအတွင်းရှိ အမှတ် (၆) ရေတွန်းစက်ရုံသို့ သွားရောက်၍ ရေသိုလှောင်ထားရှိမှု အခြေအနေများ၊ လျှပ်စစ်မီးစနစ်/ ဆိုလာမီး စနစ်ဖြင့် ရေပေးဝေနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ထမ်မံဆောက်လုပ်မည့် Modular Container House များ ရောက်ရှိမှု အခြေအနေနှင့် သယ်ယူရွှေ့ပြောင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော မန္တလေးမြို့တော်စည်ပင်ဝန်ထမ်းအိမ်ရာ တိုက်ခန်းများ ပျက်စီးမှု အခြေအနေများကိုလည်းကောင်း၊ ၁၀၆ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့် မန္တလေးမြို့တော်စည်ပင်ရဲဝန်ထမ်းများအတွက် Modular Container House များ ဆောက်လုပ်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ရေ၊ မီး၊ မိလ္လာရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်သို့ သွားရောက်၍ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်က ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မဆောင်အား လိုက်လံရှင်းလင်းပြသပြီး ထိခိုက်ပျက်စီးခဲ့သော ဌာနများရှိ အခန်းများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ အမရဌာနီအရှေ့ရပ်ရှိ ဇေါင်းတော်ရဆုတောင်းပြည့်မြတ်စွာဘုရား၊ ရေနားပရိယတ္တိစာသင်တိုက်တို့တွင် ငလျင်ဒဏ်သင့်ပြီး ထိခိုက်ပျက်စီးခဲ့သော နှစ်ထပ်ကျောင်းဆောင်အား ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား အလှူငွေများ ဆက်ကပ်လှူဒါန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ် အိုးတော်ရပ်ကွက်ရှိအောင်ချမ်းသာဘုရားသို့သွားရောက်၍ ဂန္ဓကုဋီတိုက်အား စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကိုလည်းကောင်း၊ တောင်ကြီးရပ်ရှိ ရွှေရင်းရဲ မြတ်စွာဘုရားနှင့် ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားတို့သို့ ရောက်ရှိ၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား စက်ယန္တရားများနှင့် တပ်မတော်သားစစ်သည်များက ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းအနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုခဲ့ပြီး စုပေါင်းလုပ်အားပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) တွင် ငလျင်ဒဏ်ကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် စာမေးပွဲဖြေဆိုမှုအား အစားထိုးပြန်လည်ဖြေဆိုနေသော ကျောင်းသား ကျောင်းသူများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းအုပ်ကြီးနှင့် ဘာသာရပ်အလိုက် ဌာနမှူးများအားတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောအဆောက်အဦများအား ပြန်လည်ပြုပြင်ပြီးစီး၍ ကျောင်းသား ကျောင်းသူများ အဆင်ပြေကောင်းမွန်စွာ တက်ရောက်ပညာသင်ကြားနေမှု အခြေအနေများနှင့် လက်တွေ့စမ်းသပ်ခန်းများတွင် လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း၌ Modular Container House များဖြင့် (ယာယီ) ရုံးဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

✳ ***ကျော့ဖုံးမှ***

ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့ခြင်း ဖြစ်သည်။

အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အုပ်စုအဆင့်တွင် အိမ်ရှင်တရုတ်အသင်းကို နှစ်ပွဲပြတ်၊ မလေးရှားအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိကာ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် လာအိုအသင်းကို နှစ်ပွဲပြတ်အနိုင်ရပြီး ဗိုလ်လုပွဲတွင် မလေးရှားအသင်းနှင့် ပြန်လည်တွေ့ဆုံရာ ၂-၁ ပွဲဖြင့် ထပ်မံအနိုင်ယူပြီး ရွှေတံဆိပ်ဆုရခဲ့ခြင်းဖြစ်သည်။ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲစဉ်၌ မလေးရှားအသင်းကို နှစ်ပွဲပြတ်၊ ဗီယက်နမ်အသင်းကို ၂-၁ ပွဲဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် အိမ်ရှင် တရုတ်အသင်းကို ၁၅-၁၁ မှတ်၊ ၁၅-၅ မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိပြီး ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းနှင့် ပြန်လည်တွေ့ဆုံခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၃-၁၅ မှတ်ဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲငယ်တွင် ၁၅-၁၂ မှတ်၊ တတိယပွဲငယ်တွင် ၁၅-၁၀ မှတ်ဖြင့် ပြန်လည်အနိုင်ရရှိကာ ရွှေတံဆိပ်ဆု ရရှိခဲ့ခြင်းဖြစ်သည်။

**အလင်းအိမ်**

**ဓာတ်ပုံ - MSTAF**

---

❂ ***ကျော့ဖုံးမှ***

ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ လာအို၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇွန် ၉ ရက်တွင် ထိုင်းအသင်း၊ ဇွန် ၁၁ ရက်တွင် လာအိုအသင်း၊ ဇွန် ၁၃ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများကို ဇွန် ၉ ရက်မှ ၁၄ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၆ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီး လူငယ်လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက တာဝန်ယူ ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် မေ ၈ ရက်မှစ၍ ပဏာမကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ပြင်ဆင်ချိန် တစ်လဝန်းကျင်ရရှိမည်ဖြစ်သည်။

**သော်လေး**

# အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများ ကူးစက် ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန
(၄-၆-၂၀၂၁)

## မင်းလှမြို့နယ်၌ ကိုဗစ်ရောဂါကာကွယ်ဆေး (PFIZER VACCINE) ထိုးနှံပေး

**အထက်မင်းလှ ဇွန် ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ကိုဗစ်ထပ်ဆောင်း ကာကွယ်ဆေး PFIZER VACCINE ထိုးနှံပေးခြင်းကို ယမန်နေ့က စတင်ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆက်လက် ထိုးနှံပေးလျက်ရှိသည်။



ထိုသို့ ထိုးနှံပေးရာတွင် အသက် (၁၈) နှစ်ပြည့်ပြီး ကိုဗစ်ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမှ ထိုးနှံခဲ့ခြင်းမရှိသူများနှင့် ကာကွယ်ဆေးထိုးနှံပြီး ခြောက်လပြည့်ပြီးသူများအား (PFIZER VACCINE) ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ပြီး အဆိုပါကာကွယ်ဆေးသည် ယခင်ထိုးနှံပေးခဲ့သည့် ကာကွယ်ဆေးများထက် ပိုမိုကောင်းမွန်ပြီး အသွင်ပြောင်း ကိုဗစ်-၁၉ ရောဂါ ဗီဇမျိုးကွဲပေါင်း များစွာကို ကာကွယ် ပေးနိုင်သည့်အတွက် ပြည်သူများအနေဖြင့် ထိုးနှံသင့်သော ကာကွယ်ဆေးဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေဖုံးကွင်းသရုပ်ပြဆောင်ရွက်

**ဘိုကလေး ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စု ဂျပ်ချောင်းကျေးရွာရှိ တောင်သူဦးစံသောင်း၏ ၇ ဒသမ ၅၇ ဧကရှိ လယ်ယာမြေတွင် ယနေ့နံနက် ၉ နာရီက ၂၀၂၅-၂၀၂၆ခုနှစ် မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) အား လယ်ကွက်အတွင်း ထည့်သွင်းမြေမြှုပ်ကွင်းသရုပ်ပြပွဲ ပြုလုပ်သည်။



အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညီညီထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး တောင်သူဦးစံသောင်း၏ လယ်ယာမြေအတွင်း ယခုနှစ် မိုးစပါးရာသီ မေလအတွင်းက ကြဲပက်စိုက်ပျိုးထားသော သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပင်များအား ထယ်ထိုး၍ မြေမြှုပ်ထည့်သွင်း သရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ ဦးစီးအရာရှိတို့က ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံအထွက်တိုးရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မိုးစက် (ဘိုကလေး)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တောင်ကိုရီးယားသမ္မတသစ်အဖြစ် လီဂျေမြောင် ကျမ်းသစ္စာကျိန်ဆို



**ဆိုးလ် ဇွန် ၄**

လီဂျေမြောင်သည် တောင်ကိုရီးယားနိုင်ငံ၏ သမ္မတသစ်အဖြစ် ဇွန် ၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ငါးနှစ်တာ သမ္မတတာဝန်များကို စတင်ထမ်းဆောင်သွားတော့မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ၂၁ ဦးမြောက် သမ္မတဖြစ်သော လီဂျေမြောင်သည် အမျိုးသားလွှတ်တော် အဆောက်အအုံတွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး သမ္မတရွေးကောက်ပွဲတွင် မည်သူ့ကို အားပေးထောက်ခံသည်ဖြစ်စေ ပြည်သူအားလုံး၏အကျိုးကို ထမ်းဆောင်သွားမည်ဟု ၎င်း၏ ပထမဆုံးရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

အများစုဖြစ်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ လီသည် ထောက်ခံမှု ၄၉ ဒသမ ၄၂ ရာခိုင်နှုန်းရရှိပြီး ၎င်း၏ အဓိကပြိုင်ဘက်ဖြစ်သူ ကွန်ဆာဗေးတစ် ပြည်သူ့အင်အားပါတီမှ ကင်မွန်ဆူးကို ၈ ဒသမ ၂၇ ရာခိုင်နှုန်းအသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီသည် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သောကြောင့် အကူးအပြောင်းကာလမရှိဘဲ သမ္မတတာဝန်များကို စတင်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ပါလီမန်အကြီးအကဲများ၊ တရားရုံးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲများအပြင် လွှတ်တော်အမတ်များနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **ဆင်ဟွာ**

# အေအိုင်၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်မြင့်မားမှုကြောင့် နျူကလီးယားစွမ်းအင်ကို မက်တာကုမ္ပဏီ ဝယ်ယူမည်

**နယူးယောက် ဇွန် ၄**

ဉာဏ်ရည်တု (အေအိုင်) သည် စွမ်းအင်လိုအပ်ချက် မြင့်မားလာသည့်အတွက် ကွန်စတယ်လေးရှင်း အင်နာဂျီကော်ပိုရေးရှင်းသည် အီလီနွိုက်ရှိ နျူကလီးယားစက်ရုံမှ လျှပ်စစ်ဓာတ်အားကို မက်တာကုမ္ပဏီသို့ရောင်းချရန် သဘောတူခဲ့သည်။




ဖေ့စ်ဘွတ်ခ်၏ မိခင်ကုမ္ပဏီဖြစ်သော မက်တာကုမ္ပဏီသည် ၂၀၂၇ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ကာ ကလင်တန်စက်ရုံမှ ၁၁၂၁ မဂ္ဂါဝပ်ကို ဝယ်ယူရန် နှစ် ၂၀ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု ဇွန် ၃ ရက်က ဖော်ပြထားသည်။

အမေရိကန်၏ အကြီးဆုံး နျူကလီးယား အော်ပရေတာဖြစ်သော ကွန်စတယ်လေးရှင်းသည် ကလင်တန်စက်ရုံ အထွက်နှုန်းမြင့်တင်ရန် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ကလင်တန်တွင် နောက်ထပ်ဓာတ်ပေါင်းဖို တစ်ခု တည်ဆောက်ရန်လည်း ကုမ္ပဏီဘက်မှ စဉ်းစားနေသည်။

နျူကလီးယားစွမ်းအင်သည် အေအိုင်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် အကြီးမားဆုံး အောင်မြင်သူအဖြစ် ပေါ်ထွက်လာသည်ဟု ဘလွန်းဘာ့ဂ်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း စံချိန်တင်ကျဆင်း

**တိုကျို ဇွန် ၄**

လွန်ခဲ့သည့်နှစ်အတွင်း ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၁၈၉၉ ခုနှစ်က ကိန်းဂဏန်းစာရင်းဇယားများ စတင်ပြုစုသည့်အချိန်မှစ၍ ပထမဦးဆုံးအကြိမ်အဖြစ် ၇၀၀၀၀၀ အောက်သို့ ကျဆင်းသွားကြောင်း ဂျပန်အစိုးရက ပြောသည်။

၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသား ကလေးငယ် ၆၈၆၀၆၁ ဦး မွေးဖွားခဲ့ပြီး ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၄၁၂၂၇ ဦး ကျဆင်းသွားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကလေးမွေးဖွားမှုနှုန်း ကိုးနှစ်ဆက်တိုက် ကျဆင်းလာခြင်းဖြစ်သည်။

၂၀၃၉ ခုနှစ်မတိုင်မီအထိ ကလေးမွေးဖွားမှုမှာ ၆၈၀၀၀၀ အောက် လျော့ကျသွားနိုင်ဖွယ်မရှိဟု အမျိုးသားလူဦးရေနှင့် လူမှုဖူလုံရေး သုတေသနဌာနက ခန့်မှန်းထားသည်။ နိုင်ငံအတွင်း သေဆုံးမှုနှုန်းမှာ ၂၀၂၄ ခုနှစ်အတွင်း ၁၆၀၅၂၉၈ ဦးရှိပြီး ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၂၉၂၈၂ ဦး တိုးလာသည်။

ရလဒ်အနေဖြင့် စုစုပေါင်းလူဦးရေကျဆင်းမှုနှုန်းမှာလည်း ကြီးမားလာသည်။ ကလေးမွေးဖွားမှုနှုန်းကျဆင်းရခြင်းမှာ အသက်ကြီးမှ အိမ်ထောင်ပြုကျပြီး ကလေးယူသည့် အချိန်နောက်ကျရခြင်းဖြစ်ကြောင်း အစိုးရကပြောသည်။ **အင်န်အိတ်ချ်ကေ**

# သံမဏိနှင့်အလူမီနီယံ သွင်းကုန်များအပေါ် အမေရိကန်၏ မြင့်မားသည့် အခွန်စည်းကြပ်မှုစတင်

**ဝါရှင်တန် ဇွန် ၄**

အမေရိကန်သည် သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် အခွန် ၅၀ ရာခိုင်နှုန်း တိုးမြှင့်ခြင်းကို ဇွန် ၄ ရက်တွင် စတင်ခဲ့သည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် မေ ၃၀ ရက်က ပင်ဆယ်လ်ဗေးနီးယားရှိ ယူအက်စ်စတီး စက်ရုံတွင်ပြုလုပ်သည့် စုဝေးပွဲ၌ သံမဏိနှင့်အလူမီနီယံ ပစ္စည်းများအပေါ် မြင့်မားသည့် အခွန်စည်းကြပ်မှု ပြုလုပ်မည်ဟု ကြေညာခဲ့သည်။

အမေရိကန်ပြည်ထောင်စုရှိ သံမဏိလုပ်ငန်းနှင့် လုပ်သားများ၏ အနာဂတ်ကိုကာကွယ်ရန် ယင်းသို့ပြုလုပ်ရခြင်းဖြစ်ကြောင်း ထရမ့်က ပြောသည်။ သို့သော်လည်း လွန်ခဲ့သည့်လအတွင်းက ဗြိတိန်နှင့် နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်ရရှိပြီးနောက် ဗြိတိန်မှ တင်သွင်းသည့် သတ္တုများအပေါ် မြင့်မားသည့်အခွန်စည်းကြပ်မှု ပြုလုပ်မည်မဟုတ်ကြောင်း သိရသည်။

ထရမ့်အစိုးရအဖွဲ့သည် မတ် ၁၂ ရက်က သံမဏိနှင့် အလူမီနီယံ သွင်းကုန်အပေါ် နောက်ထပ်အခွန်စည်းကြပ်မှု ၂၅ ရာခိုင်နှုန်း ပြုလုပ်ခဲ့သည်။ ဥရောပသမဂ္ဂသည် မြင့်မားသည့် အခွန်စည်းကြပ်မှုကို ပြစ်တင်ဝေဖန်ခဲ့ပြီး ယင်းကဲ့သို့ပြုလုပ်ခြင်းဖြင့် စေ့စပ်ညှိနှိုင်းရန် ကြိုးပမ်းမှုများကို ပျက်ပြားစေသည်ဟု ပြောသည်။ ဥရောပသမဂ္ဂဘက်မှလည်း တုံ့ပြန်မှုများ ပြန်လည်ပြုလုပ်လာနိုင်သည်ဟု ထောက်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကုလသမဂ္ဂ အမြဲတမ်းမဟုတ်သော လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများကို ရွေးချယ်တင်မြှောက်

**ဂျီနီဗာ ဇွန် ၄**

ကုလသမဂ္ဂသည်အမြဲတမ်းမဟုတ်သော လုံခြုံရေးကောင်စီအဖွဲ့ဝင် ငါးနိုင်ငံကို ရွေးကောက်တင်မြှောက်ခဲ့ပြီး ၎င်းတို့၏ နှစ်နှစ်သက်တမ်းသည် လာမည့်နှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမေရိကန်အပါအဝင် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံရှိပြီး နိုင်ငံနှင့်ဒေသကို ကိုယ်စားပြုသည့် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင် ၁၀ နိုင်ငံရှိသည်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများသည် နှစ်နှစ်သက်တမ်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ၎င်းတို့အနက် ထက်ဝက်ခန့်မှာ နှစ်စဉ် အစားထိုးပြောင်းလဲလျက်ရှိသည်။

ဇွန် ၃ ရက်တွင် အထွေထွေညီလာခံက ကွန်ဂို၊ လိုက်ဘေးရီးယား၊ လတ်ဘီးယား၊ ကိုလံဘီယာနှင့် ဘာရိန်းနိုင်ငံတို့ကို လုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များအဖြစ် ထမ်းဆောင်ရန် မဲခွဲဆုံးဖြတ်ခဲ့သည်။

လတ်ဘီးယားသည်ပထမဆုံး အကြိမ်အဖြစ် ကောင်စီတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက အထွေထွေညီလာခံ ဆုံးဖြတ်ချက်မူကြမ်းကို ဘာရိန်းနှင့် ကိုလံဘီယာတို့က ကြားနေခဲ့ပြီး ကွန်ဂိုက မဲမပေးခဲ့ကြောင်း သိရသည်။

ဘာရိန်းသည် အစ္စရေးနှင့် သံတမန် ဆက်ဆံရေးရှိသည့် အနည်းငယ်သော အာရပ်နိုင်ငံများထဲမှ တစ်ခုဖြစ်သည်။ ဘာရိန်းသည်လည်း အခြားအာရပ် နိုင်ငံများနှင့်အတူ ဂါဇာကို စစ်ဆင်ရေးဆင်နွှဲနေသည့် အစ္စရေးကို ပြင်းထန်စွာ ဝေဖန်ခဲ့သည်။

ကိုလံဘီယာနှင့် ကွန်ဂိုတို့သည် ၎င်းတို့၏အတွေ့အကြုံများအပေါ် အခြေခံ၍ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ ကောင်စီ၏ ဆွေးနွေးပွဲများတွင် ပါဝင်ကူညီမည်ဟု မျှော်လင့်ရသည်။

**အင်န်အိတ်ချ်ကေ**



# ဗီယက်နမ်နိုင်ငံတွင် ကလေးယူနိုင်သည့် ဦးရေ ကန့်သတ်ချက်ဖယ်ရှား

**ဟနွိုင်း ဇွန် ၄**

ဗီယက်နမ်အမျိုးသားလွှတ်တော်သည် ဇွန် ၃ ရက်တွင် လူဦးရေဆိုင်ရာဥပဒေပြင်ဆင်ချက်အား အတည်ပြုခဲ့ပြီး မိသားစုများကို ကလေးတစ်ဦး သို့မဟုတ် နှစ်ယောက်သာ ကန့်သတ်ထားသည့် စည်းမျဉ်းကို ဖယ်ရှားခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ပြန်လည်ပြင်ဆင်သည့်ဥပဒေအရ ဇနီးမောင်နှံများသည် ၎င်းတို့မွေးလိုသည့် ကလေးအရေအတွက်၊ ကလေးမွေးဖွားချိန်နှင့် မွေးချိန်ကြားအကွာအဝေးကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း သိရသည်။

မူဝါဒပြောင်းလဲမှုသည် နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေသည့် ကလေးမွေးဖွားနှုန်းကျဆင်းမှုကို ဖြေရှင်းရန် ရည်ရွယ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းမွေးဖွားနှုန်းသည် ၂၀၂၄ ခုနှစ်တွင် အမျိုးသမီးတစ်ဦးလျှင် ကလေး ၁ ဒသမ ၉၁ ဦးအထိ စံချိန်တင် ကျဆင်းသွားကြောင်း သိရသည်။

**ဆင်ဟွာ**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်များအား စားသောက်ဖွယ်ရာများလှူဒါန်း



**နေပြည်တော် ဇွန် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇွန် ၁ ရက်မှစ၍ ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြစ်ကမ်းဘေးရှိ ရပ်ကွက်များ အတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ရေဘေးသင့်ပြည်သူများသည် ရေဝင်ရောက်မှုမရှိသည့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၌ ခေတ္တတည်းခို နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော စားသောက်ဖွယ်ရာများသည် ယနေ့မွန်းလွဲပိုင်းတွင် နယ်မြေခံလေတပ်စခန်း၌ဌာနချုပ်သို့ တပ်မတော်လေယာဉ်ဖြင့်ရောက်ရှိလာပြီး ရေဘေးသင့်ပြည်သူများထံသို့ အချိန်မီလှူဒါန်းနိုင်ရေး သယ်ယူပို့ဆောင်နေမှုအား ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါစားသောက်ဖွယ်ရာများကို ရေဘေးလွတ်ရာ ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် တည်းခိုလျက်ရှိသည့် ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်လှူဒါန်းသည်။ **(ယာပုံ)**

အလားတူ ပူတာအိုမြို့တွင်လည်း အဆိုပါ စားသောက်ဖွယ်ရာများကို ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပူတာအိုဒေသ ရေဘေးသင့်ပြည်သူများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော အစားအသောက်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုင်းဘာသာစကားဖြင့် ကပ်နိုပ်ထားသော Sprite အမှတ်တံဆိပ် အစိမ်းရောင်အချိုရည်ဘူးများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA) ၏ ထောက်ခံချက်မရှိဘဲ ဈေးကွက်များတွင် တရားမဝင် တုပထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိနိုင်သည့် ၎င်းအစားအသောက်အမယ်အား စားသုံးသူများအနေဖြင့် ဝယ်ယူစားသုံးခြင်းမပြုရန် အသိပေးအပ်ပါသည်။

ဖြန့်ဖြူး/ ရောင်းချသူများအနေဖြင့် ၎င်းအစားအသောက်အမယ်အား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈ (က) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိထားသော Sprite အမှတ်တံဆိပ် အဖြူရောင်အချိုရည်ဘူး နမူနာပုံ**




**ထိုင်းဘာသာစကားဖြင့် တရားမဝင်တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် Sprite အမှတ်တံဆိပ် အစိမ်းရောင်အချိုရည်ဘူး နမူနာပုံ**




# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်း အပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြု သင်တန်းအား ၉-၆-၂၀၂၅ ရက်မှ ၁၈-၇-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
- အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
- အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
- ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
- အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
- အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
- ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
- အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
- မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
- အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
- အကွက်အမှတ် (၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း - ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



## ကျောက်ဆည်မြို့နယ်၌ ခရမ်းချဉ်သီးနှံစိုက်ပျိုးမှုနှင့် ဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် ဆည်ရေသောက်ဒေသတွင်ရှိသည့်အတွက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သော ခရမ်းချဉ်သီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ခရမ်းချဉ်သီး စိုက်ပျိုးရာတွင် မျိုးစေ့ကို ဘောင်ဖြင့် ပျိုးထောင်ပြီး နှစ်လသားကျော် အရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ ခရမ်းချဉ်သီးနှံကို ၂-၃ ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး သက်တမ်းအားဖြင့် သုံးလခန့် ခူးဆွတ်ရကြောင်း၊ တစ်ကေလျှင် ခရမ်းချဉ်သီးပိဿာချိန် ၂၂၅၀-၂၃၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ကျောက်ဆည်နှင့် မန္တလေးမြို့တို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ခရမ်းချဉ်သီးဈေးနှုန်း ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**



## ကျောက်ဆည်မြို့နယ်၌ ဖူးစားပြောင်းစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ ဖူးစားပြောင်းသီးနှံကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်မြို့နယ်၌ ဖူးစားပြောင်းစိုက်ဧက ၂၀၇၇ စိုက်ပျိုးခဲ့ပြီး စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဖူးစားပြောင်းသီးနှံကို ယာမြေနှင့် ဥယျာဉ်ခြံမြေများတွင် အများဆုံးစိုက်ပျိုးကြ၍ စိုက်ပျိုးပြီး လေးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ထိုင်ဝမ်သကြားပြောင်းမျိုးများကို ပင်ကြား နှစ်ပေခွဲ၊ တန်းကြား ၈-၁၀ လက်မခြား၍ စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့်ကုန်ကျပြီး ပြောင်းဖူးရေ ၆၀၀၀-၇၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် ကျောက်ဆည်နှင့် မန္တလေးမြို့တို့ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးခြင်းဖြင့် ပြောင်းဖူးရိုးများမှာလည်း ကျွဲစာနွားစာအတွက် ဖူလုံသည့်အပြင် သကြားပြောင်းမှာ လူကြိုက်များသောကြောင့် အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရလျက်ရှိ၍ အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**



## တိုင်ထောင်ပဲ (ခေါ်) ပဲတောင့်ရှည်သီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ မိသားစုအပိုဝင်ငွေရရှိရန်အတွက် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ တိုင်ထောင်ပဲ (ခေါ်) ပဲတောင့်ရှည်သီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ပဲတောင့်ရှည်ကို စိုက်ပျိုးပြီး တစ်လကျော်ခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ အစိမ်းနု၊ အစိမ်းရင့်၊ ကတ္တီပါအနီရောင်စသည့် မျိုးများကို တန်းကြား သုံးပေခန့်၊ ပင်ကြား တစ်ပေခန့် အကွာအဝေးဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ်လေးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ပိဿာချိန် ၃၀၀-၃၅၀ ခန့် ထွက်ရှိကြောင်း၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် တိုင်ထောင်ပဲ (ခေါ်) ပဲတောင့်ရှည်ကို ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်နှင့် မန္တလေးမြို့ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ တိုင်ထောင်ပဲ(ခေါ်) ပဲတောင့်ရှည်ဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း ပဲတောင့်ရှည်စိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

## ၄-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၇၅ | ၂၅၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၂၃၅ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၁၁၅ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၅၅၀၀ | | ၇၀၀၀ | ၇၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၃၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၉၂၅ | ၁၅၅၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၉၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၆၀၀ | ၂၁၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၁၉၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၃၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၇၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၉၀၀၀ | ၇၄၁၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၄၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၄၇၅ | ၁၂၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၄၀၀ | ၇၀၁၅ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၅၀၀ | ၁၄၆၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၄၀၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၆၀၀ | ၇၀၁၅ | ၁၆၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၄၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၄၅၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၅၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ကလောမြို့၌ (၉၃)ကြိမ်မြောက် အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမရက်စတင်ဖြေဆို

**ကလော ဇွန် ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် (၉၃)ကြိမ်မြောက်အစိုးရပါဠိပထမပြန်စာမေးပွဲပထမရက်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့ မဟာဓမ္မိကာရာမသိမ်တောင်ပရိယတ္တိစာသင်တိုက်၌ ယနေ့ မွန်းတည့် ၁၂ နာရီကကျင်းပရာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဦးစွာ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် အောင်ပန်းမြို့ လွယ်မယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣဿရိယက ပထမပြန်စာမေးပွဲ စည်းကမ်းချက်များအား မိန့်ကြားခဲ့သည်။ ထို့နောက် ကလောမြို့နယ်ရှိ သံဃာတော်နှင့်သီလရှင်များဖြစ်ကြသည့် ပထမကြီးတန်းတွင် ၃၄ ပါးနှင့် ပထမလတ်တန်း အပါး ၈၀ တို့က ဒွေမာတိကာဘာသာ/ ဓမ္မပဒ ဖြင့်လည်းကောင်း၊ ပထမငယ်တန်း ၂၁၂ ပါးတို့ကဘိက္ခုပါတိမောက် ဘာသာ/ဓမ္မပဒနှင့် အခြေပြုမူလတန်းတွင် ၂၄၃ ပါးတို့က ဝိနည်းကျင့်ဝတ်/သုကုမာရမဂ္ဂဒီပနီ ဘာသာရပ်တို့ဖြင့် စုစုပေါင်း ၄၉၇ ပါးတို့က စာဖြေဆောင်ငါးဌာနတို့တွင် ဖြေဆိုလျက်ရှိကြောင်း၊ (၉၃)ကြိမ်မြောက် အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမရက်တွင် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းနှင့်အခြေပြု မူလတန်းများဖြစ်သည့် သံဃာတော်နှင့် သီလရှင်အပါအဝင်စုစုပေါင်း ၅၆၉ ပါး စာရင်းပေးသွင်းထားပြီး ၄၉၇ ပါး ဖြေဆိုခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



# ရန်ကုန်-ပုသိမ်လမ်းမကြီးတိုးချဲ့ရာတွင် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်ရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၄**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်များ အတွင်းရှိ ရန်ကုန် - ပုသိမ် (အမှတ်- ၅) လမ်းမကြီး တစ်လျှောက် လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ဓာတ်အားလိုင်းများအခြေအနေကို ကွင်းဆင်း စစ်ဆေးသည်။

ယင်းမြို့နယ်များသို့ ရောက်ရှိစဉ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နှင့် ရွှေလင်ပန်းစက်မှုဇုန်မြို့များသို့ အဓိကဓာတ်အား ဖြန့်ဖြူးလျက်ရှိသော ၃၃ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားရယူသုံးစွဲထားသော ၃၃ ကေဗွီဖီဒါများအား ကြည့်ရှု စစ်ဆေးပြီး ရန်ကုန်-ပုသိမ်လမ်းမ တစ်လျှောက် FMI အိမ်ရာရှေ့မှ အနောက်ပိုင်းနည်းပညာ တက္ကသိုလ်အဝင်လမ်းအထိ လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အား လိုင်းများအား လမ်းနှင့်လွတ်ကင်းရာဘက်သို့ ရွှေ့ပြောင်းတည်ဆောက်ရန်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်များသည် ဓာတ်အားသုံးစွဲမှု များပြားပြီး လိုင်းတည်ဆောက်ရန် ခက်ခဲသည့်အတွက် ဓာတ်အားလိုင်း အသစ်များ တိုးချဲ့တည်ဆောက်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်၊ ယင်းမြို့နယ်များသည် ဓာတ်အား တိုးတက်သုံးစွဲလျက်ရှိပြီး ဝန်အားပြည့်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ / ၁၁ ကေဗွီ ဓာတ်အားခွဲရုံအသစ် တည်ဆောက်နိုင်ရေး သင့်လျော်သည့်မြေနေရာ အဆိုပြုတင်ပြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

# ကော့မှူးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် သစ်ပင်ပေးအပ်ပွဲကျင်းပ

**ကော့မှူး ဇွန် ၄**

၂၀၂၅ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ရွာသွားကျေးရွာအုပ်စုရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ဆူးကလပ် မွေးမြူရေးဇုန်အတွင်းရှိ အပိုင်းလိုက်အဝင်လမ်းတစ်လျှောက်တွင် ယနေ့နံနက်ပိုင်းက မိုးရာသီကာလစိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်စိုက်ပျိုးပွဲတော်နှင့် သစ်ပင်ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပကြောင်း သိရသည်။

ဦးစွာ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဌာနမှူး ဦးစောလင်း က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်ထံ သစ်ပင်များ ပေးအပ်ပြီး တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများထံ သစ်ပင်များ ပေးအပ်သည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဌာနမှူး ဦးစောလင်း၊ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးလူမင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာနေပြည်သူများက မန်ကျည်းရှားပင် ၃၅၀၀ တို့ကို သတ်မှတ်နေရာများတွင် တပျော်တပါး စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**





# ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအသင်းများသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇွန် ၄**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ် သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် သွင်းအားစုဖိုး လိုအပ်ငွေ၏ ၂၅ ရာခိုင်နှုန်း ပေးအပ်

**ပေါင် ဇွန် ၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၄- ၂၀၂၅ ခုနှစ် ရာဂီမုန်တိုင်း မတိုင်မီကာလ မိုးစပါးပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်စိုက်ပျိုးမှုအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် သွင်းအားစုဖိုးလိုအပ်ငွေ၏ ၂၅ ရာခိုင်နှုန်း ပေးအပ်ပွဲကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က နိုင်ငံတော်အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် မိုးစပါးပျက်စီးသွားပြီး ပြန်လည်စိုက်ပျိုးခဲ့သည့် ရွာလေးရွာ လယ်မြေဧက ၁၄၁၆ ဧက၏ သွင်းအားစုဖိုး၏ လိုအပ်ငွေ ၂၅ ရာခိုင်နှုန်း တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ဘဏ်ချေးငွေကိုလည်း အချိန်မီ အပြေအကြေဆပ်နိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်စွာလှိုင်က ၂၀၂၄ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေ ၁၄၁၆ ဧက ပြန်လည်စိုက်ပျိုးနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့က မျိုးစပါးများကို ပေါင်မြို့နယ်အတွက် တင်း ၂၀၀ ပေးအပ်ခဲ့ကြောင်း၊ ယခုအခါ မိုးစပါးပျက်စီးမှုအပေါ် ပြန်လည် စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် သွင်းအားစုဖိုး လိုအပ်ငွေ၏ ၂၅ ရာခိုင်နှုန်းဖြစ်သော ကျပ်ငါးသောင်းနှုန်းဖြင့် လယ်မြေဧက ၁၄၁၆ ဧကအတွက် ၇၀၈ သိန်းကို လက်ပံတော၊ မုတ္တမ-ကျွဲခြံ၊ နတ်မော်၊ မော်ဘီ ကျေးရွာများသို့ပေးအပ်ခဲ့ကြောင်း၊ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် တောင်သူများအနေဖြင့် သီးနှံစိုက်စွမ်းအားမြင့်မားစေရန်အတွက် ပိုမိုစိုက်ပျိုးပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် မေလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ


**နေပြည်တော် ဇွန် ၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5 µg) နှင့် အောက်သေးငယ်သော အမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိနှင့် ၆ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index–AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မေလ ၁၊ ၂၊ ၃၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်နေ့နှင့် ၁၉ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate) နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး) ရုံး၏ လေအရည်အသွေးမှာ မေလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၁၈ ရက်နှင့် အသင့်အတင့်အဆင့်၌ ၁၁ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

### တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ၂၀၂၅ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများ

**နေပြည်တော် ဇွန် ၄**


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် မေလအတွင်း စခန်း ၂၉ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့သည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၉ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။ (ပုံ–၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် မေလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၉ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိပါကြောင်း တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၅ ခုနှစ်၊ မေလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ်၊ မေလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၂ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၂ |
| ၃ | ခန္တီး | ၆.၆ |
| ၄ | တောင်ကြီး | ၆.၅ |
| ၅ | မိုင်းဆတ် | ၇.၁ |
| ၆ | ကျိုင်းတုံ | ၆.၉ |
| ၇ | စစ်ကိုင်း | ၇.၁ |
| ၈ | ညောင်ဦး | ၇.၁ |
| ၉ | မုံရွာ | ၆.၇ |
| ၁၀ | ပျဉ်းမနား | ၆.၇ |
| ၁၁ | ပြင်ဦးလွင် | ၇.၂ |
| ၁၂ | ကလေးဝ | ၆.၈ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၉ |
| ၁၄ | မှော်ဘီ | ၇.၀ |
| ၁၅ | မကွေး | ၆.၉ |
| ၁၆ | အောင်လံ | ၆.၅ |
| ၁၇ | စစ်တွေ | ၇.၀ |
| ၁၈ | ပြည် | ၆.၅ |
| ၁၉ | ပဲခူး | ၆.၉ |
| ၂၀ | တောင်ငူ | ၆.၈ |
| ၂၁ | ပုသိမ် | ၆.၈ |
| ၂၂ | မအူပင် | ၆.၆ |
| ၂၃ | ဟသ်ာတ | ၆.၇ |
| ၂၄ | မော်လမြိုင် | ၇.၀ |
| ၂၅ | ဘီးလင်း | ၆.၉ |
| ၂၆ | ဘားအံ | ၆.၈ |
| ၂၇ | ထားဝယ် | ၆.၇ |
| ၂၈ | မြိတ် | ၆.၈ |
| ၂၉ | ကော့သောင်း | ၆.၆ |

### လျှပ်စစ်ဓာတ်အားချွေတာရေး နည်းလမ်းများ

- ❊ ရုံးချိန်အတွင်း အလင်းရောင်ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှုလျှော့ချရန်။
- ❊ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက် သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။

# မြို့နယ်များရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ



**ပေါင်းတည်**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဇွန် ၂ ရက်မှစတင်၍ စာသင်ကျောင်းများ စတင်ဖွင့်လှစ်ခဲ့ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ အစိုးရအခြေခံပညာကျောင်းစုစုပေါင်း၁၆၇ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း တစ်ကျောင်း၊ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းနှစ်ကျောင်းဖွင့်လှစ်သင်ကြားလျက်ရှိရာ ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများအပါအဝင် ကျောင်းသား ကျောင်းသူ ၁၅၅၈၁ ဦးတို့သည် စာသင်ကျောင်းအသီးသီးတွင် အေးချမ်းစွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ **ရွှေသား(ပြန်/ဆက်)**

**မိုင်းရှူး**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ကျောင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်နေမှု၊ ကျောင်းအသုံးအဆောင်ပစ္စည်း ပြည့်စုံလုံလောက်မှုရှိမရှိ၊ ကျောင်းသန့်ရှင်းမှုများ၊ ကျောင်းဆောင်ခိုင်ခန့်မှု ရှိမရှိ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းလှ(ပြန်/ဆက်)**





**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အခြေခံပညာစာသင်ကျောင်းများကို ဇွန် ၂ ရက်မှစတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

မိုးကောင်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၃၀၊ ကိုယ်ပိုင် အထက်တန်းကျောင်း လေးကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်းရှိပြီး အထက်တန်းအဆင့် ၃၀၃၅ ဦး၊ အလယ်တန်းအဆင့် ၅၅၈၈ ဦး၊ မူလတန်းအဆင့် ၁၄၃၆၁ ဦး စုစုပေါင်းကျောင်းသားဦးရေ ၂၂၉၈၄ ဦးတို့သည် သက်ဆိုင်ရာ ကျောင်းများ၌ အေးချမ်းစွာ ပညာသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Wai Wai Moe” Facebook နှင့် “@moe lay moelay784” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်နေ နှင်းဝေဝေမိုးအား ည ၆ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ ရွှေ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်အနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၃၉၂၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့်မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Faw Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၉၉၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား(မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုက်မရောလမ်းမဘေးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၄၉၇၀၀၀) ကို လည်းကောင်း၊ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း ဘုန်းမြင့်ဇော် ကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၄၉၇၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိမှု။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့ ကလေးလေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရွှေတုံး ၁၆ ပဲရည် ၂၆ တုံး အပါအဝင် ရွှေထည်ပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၇၃၆၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တင်သွင်းရန်တားမြစ်ကန့်သတ်ထားသည့် ကုန်ပစ္စည်းဖြစ်သော Nitric Acid ဟု ယူဆရသည့် အရည်ခြောက်ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၁၉၂၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၇၂၉၇၃၈၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (ကုန်လှောင်ရုံ)၌ ကုမ္ပဏီမှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၀၂၅၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၆၇၁၈၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၄၅ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၈၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၅၇၁၈၀၈၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

ဇွန် ၆ ရက် နံနက်ပိုင်းမှာ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ဆီမီးဖိုင်နယ်မှ စပိန်နဲ့ ပြင်သစ်အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်ထိပ်တန်းအသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တဲ့အတွက် ဘယ်အသင်းက နိုင်ပွဲရယူပြီး ဗိုလ်လုပွဲတက်လှမ်းသွားမလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ဆီမီးဖိုင်နယ်မှာ ကမ္ဘာ့ထိပ်တန်းနှစ်သင်းရဲ့ အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ



● စောင့်ကြည့်ရမယ့် ကစားသမား

လာမင်း ယာမဲလ် (စပိန်)
တောင်ပံတိုက်စစ်

**စပိန် VS ပြင်သစ် နံနက် ၁း၃၀**

စပိန်က နေးရှင်းလိဂ်ကွာတားဖိုင်နယ်မှာ နယ်သာလန်ကို အနိုင်ယူကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ် တက်လှမ်းလာတဲ့အသင်းဖြစ်ပြီး ပြင်သစ်က ခရိုအေးရှားကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်ကို တက်လှမ်းလာတဲ့ အသင်းဖြစ်တယ်။ စပိန်နဲ့ ပြင်သစ်က ကမ္ဘာ့အဆင့် (၂) နဲ့ (၃) မှာ ရပ်တည်နေတဲ့ အသင်းတွေဖြစ်တဲ့အပြင် အရည်အသွေးမြင့်ထိပ်တန်း ကစားသမားတွေ အများအပြားရှိတဲ့ အသင်းအချင်းအချင်း တွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဒီနှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံထားတဲ့ သုံးကြိမ်မှာ စပိန်က နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ်ရှုံးနိမ့်ထားတယ်။ မည်သို့ပင်ဆိုစေ ရရှိလာမယ့်အခွင့်အရေးကို အမိအရအသုံးချပြီး သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်တဲ့အသင်း နိုင်ပွဲရပြီး ဗိုလ်လုပွဲတက်လှမ်းဖွယ်ရှိတယ်။

**စပိန်နဲ့ ပြင်သစ်အသင်းတို့ရဲ့ နောက်ဆုံးနှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| စပိန် | ၂ - ၁ | ပြင်သစ် | ဇူလိုင် ၁၀၊ ၂၀၂၄ |
| စပိန် | ၁ - ၂ | ပြင်သစ် | အောက်တိုဘာ ၁၁၊ ၂၀၂၁ |



● စောင့်ကြည့်ရမယ့် ကစားသမား

အမ်ဘာပေ (ပြင်သစ်)
တိုက်စစ်

# ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့အသင်းက ကာရစ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်



ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့အသင်းတွင် နှစ်နှစ်ခွဲကြာ တာဝန်ထမ်းဆောင်ပြီးနောက် မိုက်ကယ်ကာရစ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီ ဖြစ်သည်။

အသက် ၄၃ နှစ်အရွယ် အင်္ဂလန်ကွင်းလယ် ကစားသမားဟောင်း ကာရစ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် မစ်ဒယ်ဘရော့အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သည်။ ၎င်းသည် မစ်ဒယ်ဘရော့အသင်းကို ၂၀၂၂-၂၀၂၃ ရာသီတွင် ချန်ပီယံရှစ်ရှုံးထွက်ကစားခွင့်ရအောင် ကူညီပေးထားနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် နှစ်ရာသီ ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၆) အတွင်း ဝင်အောင် စွမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် ရှုံးထွက်ကစားခွင့် လွဲချော်ခဲ့ရသည်။

မစ်ဒယ် ဘရော့အသင်းသည် ၂၀၂၄-၂၀၂၅ ရာသီတွင် ချန်ပီယံရှစ်ပြိုင်ပွဲ၌ ၁၈ ပွဲ ရှုံးနိမ့်ပြီး ပြိုင်ပွဲ ပြီးဆုံးချိန်တွင် အဆင့် (၁၀) ဖြင့်သာ ပိတ်သိမ်းနိုင်ခဲ့သည်။

■ မိုးဇက် - စုစည်းသည်



■ ကိုကိုဂေါ့ဖ်

# မက်ဒီဆင်ကီးကို အနိုင်ယူပြီး ပြင်သစ်အိုးပင်း ဆီမီးဖိုင်နယ် ကိုကိုဂေါ့ဖ် တက်လှမ်း

ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ကိုကိုဂေါ့ဖ်က ပြိုင်ဘက်မက်ဒီဆင်ကီးကို အနိုင်ယူကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

၎င်းသည် ပြိုင်ဘက်ကီးကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၆-၇ (၆-၈)၊ ၆-၄၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ကိုကိုဂေါ့ဖ်သည် ၂၀၂၃ ယူအက်စ်အိုးပင်း ချန်ပီယံဖလားကို ဆွတ်ခူးထားသည်။

၎င်းသည် ဆီမီးဖိုင်နယ်တွင် ပြင်သစ်တင်းနစ်မယ် ဘော့ဆင်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဘော့ဆင်သည် ကွာတားဖိုင်နယ်တွင် ရုရှားဆယ်ကျော်သက်တင်းနစ်မယ် အန်ဒရေဗာကို ၆-၃၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ပြင်သစ်အိုးပင်းဆီမီးဖိုင်နယ်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ဆာဘယ်လင်ကာနှင့် ဆွီယာတက်ခ်တို့ တက်လှမ်းနိုင်ခဲ့သည်။

## ပြည်တွင်းသတင်း

### ဇမ္ဗူသီရိမြို့နယ်ရှိ လျှောင်ဒဏ်ကြောင့် လူနေထိုင်ခြင်းမရှိသည့် အိမ်ရာများ၌ လျှပ်စစ်မီးကြိုးများ ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားပြီး လူနေထိုင်ခြင်းမရှိသည့် အိမ်ရာများ၌ လျှပ်စစ်မီးကြိုးများ ခိုးယူသူ အမျိုးသားတစ်ဦးအား ဇွန် ၃ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားပြီး လူနေထိုင်ခြင်းမရှိသည့် အိမ်ရာများ၌ လှည့်ကင်းဆောင်ရွက်စဉ် ခရေအိမ်ရာ တိုက်အမှတ်(၄၄) အရှေ့ဘက် တိုက်ပေါ်မှအသံများ ကြားရသဖြင့်တက်ရောက်စစ်ဆေးခဲ့ရာ အခန်းအမှတ်(၂၃)အိပ်ခန်းအတွင်းရှိ လျှပ်စစ်မီးကြိုးများအား ဖြတ်တောက်ခိုးယူနေသည့် ပုဗ္ဗသီရိမြို့နယ် အောင်သုခ



ကျေးရွာနေ စပတ်ထရိုက်(ခ) ကရင်(၄၅)နှစ်အား မီးကြိုးများ ဖြတ်တောက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ ဖြတ်တောက်ထားသော လျှပ်စစ်မီးကြိုးအလေးချိန် ၁၀ ပိဿာခန့်တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စပတ်ထရိုက်(ခ)ကရင်အား အမှတ်(၅) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

မြို့နယ်အချို့၌ ဇွန် ၃ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇွန် ၃ ရက် နံနက် ၄ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဆန်ဆိုင်း(က) ရပ်ကွက် မြို့ပတ်လမ်း New One ကားဝပ်ရှော့ခ်ရှေ့တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်နေ နန်းအေးမွမ်း (၂၁ နှစ်) မောင်းနှင်လာသည့် SHN-12 9L/--- Toyota Crown အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် နန်းအေးမွမ်းအား တာချီလိတ်မြို့မရဲစခန်းက ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း။

အလားတူ ဇွန် ၃ ရက် ည ၁၁ နာရီခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဆွမ်ပရာဘွမ်လမ်းနှင့် ရွှေလမ်းမ လမ်းဆုံ၌ အမှတ်(၉၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မြစ်ကြီးနား)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နေ ဆိုင်းတူးမိုင်(၃၂ နှစ်) မောင်းနှင်လာသော YGN-9 9Q/---- နံပါတ်ပါ Honda Fit အမျိုးအစား အဖြူရောင်မော်တော်ယာဉ်အား လည်းကောင်း၊ စီတာပူရပ်ကွက်နေ ဂွမ်လတ်ဒူ(၂၆ နှစ်)မောင်းနှင်လာသော YGN 5K/---- Harrier အမျိုးအစား အနက်ရောင်မော်တော်ယာဉ်အား လည်းကောင်း၊ တပ်ကုန်းရပ်ကွက်နေ ကျန်းဘောမ် (၂၃ နှစ်) မောင်းနှင်လာသော YGN-13 9N/---- Landcruiser အမျိုးအစား အဖြူရောင်မော်တော်ယာဉ်အား လည်းကောင်း၊ ပမ္မတီးရပ်ကွက်နေ သီဟ (၂၄ နှစ်)မောင်းနှင်လာသော YGN-17 2N/---- Crown အမျိုးအစား အဖြူရောင်မော်တော်ယာဉ်အား လည်းကောင်း ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့် ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်း မရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း သိရှိရသဖြင့် ပလနနယ်မြေရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။











## အများသိစေရန်ကန့်ကွက်နိုင်ပါကြောင်းကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ လူနေရပ်ကွက်အမှတ် (ပိတောက်ရိပ်သာ-၁)၊ မြေကွက်အမှတ် (၁၁၅)၊ အကျယ်အဝန်း (၀.၂၄၄)ဧကရှိ **ဇေကမ္ဘာကုမ္ပဏီလီမိတက်** အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ညွန့်ညွန့်အောင် (၁၂/လမတ (နိုင်) ၀၀၄၈၀၈)ထံမှ ဦးစန်းအောင် (၁၂/ကတတ (နိုင်) ၀၀၂၁၄၃) နှင့် ဒေါ်တင့်လှဝေစိုး (၁၂/ဥကမ (နိုင်) ၁၈၀၅၆၃)တို့က (၂၄-၁၂-၂၀၁၃)နေ့စွဲပါ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန် တစ်စုံတစ်ရာရှိခဲ့ပါက ယနေ့မှစ၍ (၇)ရက်အတွင်း ဇေကမ္ဘာကုမ္ပဏီလီမိတက်သို့ဖြစ်စေ ကျွန်ုပ်တို့ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ရွှေပြည်သာ(၂)လမ်း၊ မြေကွက်အမှတ် (၅၈၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးမောင်အေး (P/ RGN-၀၀၀၈၅၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော လမ်းနှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးကြူ (၉/ပသက (နိုင်) ၀၇၆၄၈၃) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ရတနာမဏ္ဍလလမ်း၊ အမှတ်(၁၉၂၆)ဟုခေါ်တွင်သော (ဒေါ်အေးသန်းအမည်ပေါက်)အလျား ၄၀ပေ x အနံ ၆၀ပေမြေကွက်၏ (မြေကွက်ကိုမျက်နှာမူသော် ဘယ်ဘက်အခြမ်း) အလျား ၂၀ပေ x အနံ ၆၀ပေ မြေနှင့်အိမ်ကို ပါမစ်အမည်ပေါက်ထံမှ ဝယ်ယူခဲ့သူ ဦးကျော်နိုင်ထံမှတစ်ဆင့် အဆက်အစပ်စာချုပ်များဖြင့် ထပ်မံဝယ်ယူခဲ့သူများထံမှ ဦးနိုင်ဌေး (၁၀/ကမရ(နိုင်)၁၀၃၀၆၇)၊ ဒေါ်တင်နွယ်အေး (၁၂/ဒဂတ(နိုင်) ၀၈၈၆၂၆)တို့သည် ထပ်မံဝယ်ယူခဲ့ရာ ၃၁-၁၂-၂၀၁၉မှစတင်ကာ လက်ရှိတရား ဝင်ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရောင်းချရန် စီမံခန့်ခွဲပိုင်ခွင့်ရှိသူများ ဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ပြန်လည် ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း၊ မိတ္တူ)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာ-အထက်တန်းရှေ့နေ(စဉ်-၂၅၄၅၁) LL.B,D.B.L,Dip in Eng, D.B.A,WIPO(Switzerland)

ဖုန်း-၀၉-၄၂၀၇၀၈၆၉၅၊ ၀၉-၉၇၉၂၄၉၂၁၆

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ်၊ ယောစုကျေးရွာနေ ဦးသြမောင်၏သား ဦးဝင်းမြင့် ၅/ကလဝ(နိုင်) ၀၂၀၈၀၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၀-၁၉၆၅ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မကေခိုင်မြင့်၊(ဘ)ဦးမောင်ငွေ ၉/မထလ(နိုင်) ၃၂၇၀၄၆၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၉၇၈၅၉၄၃

## ဖခင်အမည်မှန်

မိုးညှင်းမြို့၊ ထူးပညာကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်စိုင်းရှိန်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးမြင့်တင် ၁/မညန(နိုင်)၂၁၀၄၈၉ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/3777 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန ၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/43511, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ကို ၁၄/ကကန (နိုင်)၁၄၆၁၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၄၂/၂၊ သရက်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၁၁၉)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် မူလက ဒေါ်ဒွေ့မွန်းအမည်ဖြင့် ၃၀-၆-၁၉၉၈ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်ဒွေ့မွန်းမှာ ၈-၁၀-၂၀၀၃ ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးစီရင်ချောက်မှာ ၂၃-၂-၂၀၂၅ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် ဦးအားတန်၊ ဦးအားကျင်၊ ဦးအားချင်၊ မအေးဆန်း၊ ဒေါ်မြန်ဆွေ၊ ဒေါ်မြန်လီ၊ ဦးအားဖူတို့(၇)ဦး ထွန်းကားခဲ့ရာ ဦးအားတန်မှာ ၁၃-၆-၂၀၂၃ ရက်တွင်လည်းကောင်း၊ ဦးအားကျင်မှာ ၂၄-၁၁-၂၀၂၁ရက်တွင်လည်းကောင်း၊ မအေးဆန်မှာ ၁၉၉၂ ခုနှစ်တွင် ကလေးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ကျန်ရစ်သူ ဦးအားချင်၊ ဒေါ်မြန်ဆွေ၊ ဒေါ်မြန်လီ၊ ဦးအားဖူ၊ (ဦးအားတန်)၏ ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်၊ (ဦးအားကျင်) ၏ဇနီးဖြစ်သူ ဒေါ်ခင်နှင်းသက်တို့ (၆)ဦးမှ ၁၇-၃-၂၀၂၅ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၅၃/၂၀၂၅) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီးဖြစ်သဖြင့် အမွေဆက်ခံပိုင်ဆိုင်သူ (၆)ဦးအနက် ဒေါ်မြန်ဆွေ၊ ဒေါ်မြန်လီ၊ ဒေါ်ယဉ်ယဉ်၊ ဒေါ်ခင်နှင်းသက်တို့(၄)ဦးမှ ဦးအားချင်၊ ဦးအားဖူတို့(၂)ဦးထံသို့ (၁၉-၃-၂၀၂၅) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၂၉/၂၀၂၅)အရ အိမ်ခြံမြေကွက်အား အပြီးအပိုင်စွန့်လွှတ်ခဲ့ကြပြီး စွန့်လွှတ်ခြင်းကိုလက်ခံရရှိသူ ဦးအားချင် ၁/မကန(နိုင်)၀၈၄၃၆၄၊ ဦးအားဖူ ၁/မကန(ဧည့်)၀၀၁၇၉၆ တို့ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြစ်ကြီးနားမြို့

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၂၅ ခုနှစ်၊ ဇွန်လ (၇)ရက်၊ အီဒုလ်အသွဟာ (ကုရ်ဘာနီအီးဒ်နေ့) ရက်နေ့တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မယ်ခေါင်ချောင်းရေထိန်းတံခါး (Sluice Gate ) တည်ဆောက်ခြင်းလုပ်ငန်း၊ အမျိုးအစား(သံကူကွန်ကရစ်)၊ အတိုင်းအတာ(၃၃'x ၄၂' x ၉')+( ၃x ၁၂' x ၉')အား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေဖြင့်) တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် – (၅-၆-၂၀၂၅)မှ(၁၈-၆-၂၀၂၅)ရက်နေ့အထိ(ရုံးချိန်အတွင်း)

တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် – (၁၈-၆-၂၀၂၅)ရက်နေ့ (၁၆:၃၀)

တင်ဒါတင်သွင်းရမည့်နေရာ – ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။

တင်ဒါဖွင့်လှစ်မည့်နေ့ရက် – သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း(၀၉-၄၂၈၃၂၉၉၆၅)သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၉၄၄)ရှိ ဦးဌေးကြိုင် (ISN-၅၂၅၀၆၁) အမည်ပေါက် မြေချပါမစ်(မူရင်း)၊ ဧရိယာအကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယုယုမင်း (၁၂/အလန(နိုင်)၀၃၅၄၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းမင်းထွဋ် (၁၂/ဒဂမ(နိုင်)၀၂၉၁၄၆) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စုရည်လှိုင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၄၅)

အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅

## ကြော်ငြာစာ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ ) လင်းခေးခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁

**ကွယ်လွန်သူ ဦးစိုင်းနစ် (ခ)အင်းတ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မိုင်းပန်မြို့၊ အနောက်ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုင်းနစ်(ခ)အင်းတ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် နန်းကျိန်ခမ်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိုင်းနစ်(ခ)အင်းတ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း၉ရက်)၌မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က နန်းကျိန်ခမ်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ကျော်သူ)

ခရိုင်တရားသူကြီး

လင်းခေးခရိုင်တရားရုံး

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/5459 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း ကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းတွင် ဆောင်ရွက်မည့် အောက်ပါတည်ဆောက်ရေးလုပ်ငန်း(၂)ရပ်အား အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဘက်စုံသုံးခန်းမ (၁၂၀'x၆၀') RCC(၁)ထပ်(အတွင်း ရေ၊ မီး၊ Apron& Drainအပါ) (၁)လုံးဆောက်လုပ်ခြင်း

(ခ) သင်တန်းဆရာမနည်းပြဆောင်(၁၀၈'x၂၄'x၂၄') RCC(၂)ထပ် (၁)လုံး (Pile Foundation, ရေ၊ မီး၊ မိလ္လာအပါ) တည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများ ဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** – (၅-၆-၂၀၂၅)ရက် မှ (၁၁-၆-၂၀၂၅)ရက်ထိ

(ခ) **တင်ဒါနောက်ဆုံးလက်ခံမည့် နေ့ရက်၊ အချိန်** – (၁၃-၆-၂၀၂၅)ရက် (၁၅:၃၀)နာရီ

(ဂ) **တင်ဒါဖွင့်ဖောက်မည့် နေ့ရက်၊အချိန်** – (၁၇-၆-၂၀၂၅)ရက် (၁၀:၀၀)နာရီ

(ဃ) **တင်ဒါဖွင့်ဖောက်လက်ခံမည့် နေရာ** – စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်

၃။ တင်ဒါအဆိုပြုလွှာပုံစံများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း ၀၆၇-၃၄၁၈၅၃၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

